# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၇၁)၊ ၁၃၈၇ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ၈–၂–၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၈

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရင်ပြင်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ သို့★

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ **မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မိုး/ဧလ**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ တနင်္လာနေ့။

မန္တလေး

# မိမိတတ်ကျွမ်းသောပညာဖြင့် အသက်မွေးမှုတစ်ခုခုအတွက် အလုပ်လုပ်ကြရမည်

လောကတွင် လူတိုင်းလူတိုင်း အသက်ရှင်နေထိုင်ဖို့အတွက် အလုပ်တွေ လုပ်ကြရသည်။ တစ်နည်းဆိုသော် လူတစ်ယောက်၏ စားဝတ်နေထိုင်ရေး အရေးသုံးပါးအတွက် မလွဲမသွေ အလုပ်တွေကို လုပ်ကြရမည်သာဖြစ်သည်။ အလုပ်လုပ်ခြင်းသည် လူ့တာဝန်ဝတ္တရားများပင်ဖြစ်သည်။ ဘဝရှင်သန်စေခြင်းပင်ဖြစ်သည်။ အလုပ်တွင် စွမ်းရည်သတ္တိပြရမှု အလုပ်မှာ ကာယလုပ်သား၊ ဉာဏလုပ်သားဟူ၍ရှိကြသည်။ လူတို့သည် မိမိတတ်ကျွမ်းသောပညာဖြင့် အသက်မွေးမှု တစ်ခုခုအတွက် အလုပ်လုပ်ကြရသည်။ လုပ်အားသည် တန်ဖိုးအမှန်ပင်ဖြစ်၍ ချစ်မြတ်နိုးစရာ စွမ်းရည်လည်းရှိသည်။

အလုပ်၏တန်ဖိုးဆိုသည်မှာ တန်ရာတန်ဖိုး ပေးဆပ်ရခြင်းသာဖြစ်သည်။ တန်ဖိုးနှင့်ပတ်သက်၍ စာရေးဆရာ ဗန်းမော်တင်အောင်က ယခုလိုရေးသားခဲ့သည်။"လူတစ်ယောက်ရဲ့တန်ဖိုးက သူဖြတ်သန်းကျော်လွှားရတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ် တင်ပေးလိုက်တဲ့ခေတ်သမိုင်းတာဝန်ကို သူ့ဘယ်လောက်ထိ သယ်ပိုးထမ်းဆောင်နိုင်တယ်ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ"ဟူ၍ ဆိုခဲ့သည်။

လောကတွင် အရာရာမိမိစိတ်တိုင်းကျ မဖြစ်နိုင်ပါ။ မိမိကိုယ်ကိုတောင်မှ မိမိအမြဲတမ်း စိတ်တိုင်းမကျနိုင်ဘဲနှင့် ဖြတ်သန်းကျော်လွှားရသည်သာဖြစ်သည်။ သမာအာဇီဝကျစွာ လုပ်ဆောင်ရသော အလုပ်မှန်သမျှသည် ဂုဏ်ရှိပြီးသားဖြစ်ပါသည်။ အလုပ်တစ်ခုကို ဘဝရပ်တည်နိုင်ရေးအတွက် မဖြစ်မနေ လုပ်ဆောင်ကြရမည်သာဖြစ်သည်။ စားဝတ်နေထိုင်ရေး၏ အကြောင်းသုံးပါးအတွက်မှာ အလုပ်ဖြင့်သာ ဖြေရှင်းကြရမည်ဖြစ်သည်။

အလုပ်လုပ်သောဘဝကို မြတ်နိုးဖို့အတွက် မိမိတို့မှာ တွန်းအားများစွာရှိသည်။ အလုပ်ဟူသမျှ ဂုဏ်ရှိစွဆောင်ပုဒ်က အလုပ်လုပ်ဖို့အတွက် ညွှန်းဆိုထားပြီးသားဖြစ်သည်။ ကိုယ့်ခွန်ကိုယ့်အားဖြင့် စိုက်ထုတ်ရသော လုပ်ငန်းဟူသမျှအတွက် ဂုဏ်ယူကြရသူများလည်းရှိသည်။ ကိုယ်စီကံကောင်းဖို့အတွက် ကိုယ်စီအလုပ်လုပ်ကြဖို့ ဖြစ်ပါသည်။ ထို့ကြောင့် အလုပ်လုပ်ခြင်းကြောင့် ခံစားရသောအကျိုးမှာ ကျေနပ်ဝမ်းမြောက်စရာပင်ဖြစ်သည်။ မိမိတို့၏ စားဝတ်နေရေးအတွက် ရိုးသားဖြောင့်မတ်သော နည်းလမ်းဖြင့် စီးပွားရှာခြင်းသည်သာအကောင်းဆုံးဖြစ်သည်။

လူသားတိုင်း စားဝတ်နေရေးအတွက် အလုပ်လုပ်နေကြရသည်။ ထိုသို့ နိစ္စဓူဝဘဝထဲ၌ အဆင်ပြေအောင်မြင်မှုရရှိရေးအတွက် ကံ၊ ဉာဏ်၊ ဝီရိယ၊ သတိတို့ကို အားပြုဆောင်ရွက်ကြရသည်။ ကံ၊ ဉာဏ်နှင့်ကြိုးစားခြင်းဟူသော လုံ့လဝီရိယသည် ဘဝအောင်မြင်တိုးတက်မှု၏ အခြေခံအကြောင်းအရင်းဖြစ်သည်ဟု ဆိုကြသည်။

လုပ်သင့်သည့်အလုပ်ကို လုပ်ဆောင်နေခြင်းမှာ တကယ့်ဂုဏ်ယူစရာသာဖြစ်သည်။ အလုပ်လုပ်ရာတွင် "ရိုးရိုးကျင့် မြင့်မြင့်ကြံ"ရမည်ဖြစ်သည်။ အဆိုပါစကားပုံသည် ကိုယ်ကျင့်သိက္ခာအရ ရိုးသားဖြောင့်မတ်၍ အကြံအစည်အရ အထွတ်အထိပ်သို့ရောက်အောင် မြင့်မားရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ သို့ဖြစ်ရာ လူတိုင်းလူတိုင်း လူ့ဘဝတွင် အောင်မြင်မှုရရှိရေး မိမိတတ်ကျွမ်းသော ပညာဖြင့် အသက်မွေးမှုတစ်ခုခုအတွက် ရိုးသားစွာအလုပ်လုပ်ကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ (၁၂)ရက်မှ (၁၄)ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်-

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ၊
(၂) ပန်းအလှပင်ပြိုင်ပွဲ၊
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ၊
(၄) အရွက်အလှပင်ပြိုင်ပွဲ၊
(၅) ရွက်လှပင်ပြိုင်ပွဲ၊
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ၊
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)၊
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)၊
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)၊
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ၊
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ၊
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ၊
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ၊
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)၊
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)၊
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)၊
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)၊
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သင်္ဘောသီး၊ ဖရဲသီး)၊
(၁၉) ဟင်းသီး အသီးအလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)၊
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)၊
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ (ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)၊
(၂၂) ဟင်းသီး အသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)၊
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ၊

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက် ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်း ပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီ ၁၁ ရက်၊ ၁၁ နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၂၀၀၁၀၄၉၊ ၀၉-၂၀၃၅၂၇၄၊ ၀၉-၂၀၁၉၃၉၅)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၈**

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဖူဆယ်ဘောလုံး ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ဖူဆယ်ဘောလုံးအားကစားကွင်းတွင် ပြိုင်ပွဲများကို ကျင်းပရာ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ နည်းပြများနှင့် အားကစားသမားများ ကြည့်ရှုအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။

ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြရာ အုပ်စု(က)ပွဲစဉ်တွင် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)အသင်း သုံးဂိုးနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်းက ခုနစ်ဂိုးဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာ ဦးစီးဌာနအသင်းက သုံးဂိုးနှင့် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနအသင်းက ခြောက်ဂိုးဖြင့်လည်းကောင်း၊ အုပ်စု(ခ)ပွဲစဉ်တွင် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)အသင်းက ခြောက်ဂိုးနှင့် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအသင်းက သုံးဂိုး၊ တိုင်းဒေသကြီးပညာရေးမှူးရုံးအသင်းက ခုနစ်ဂိုးနှင့် ဈေးနှင့်သားသတ်ဌာနအသင်းက ၁၄ ဂိုးတို့ဖြင့် အသီးသီးယှဉ်ပြိုင် ကစားခဲ့ကြသည်။



ဖေဖော်ဝါရီ ၉ရက် နံနက်ပိုင်းတွင်(က)အုပ်စု ပထမဖြစ်သည့် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနအသင်းနှင့် (ခ)အုပ်စုဒုတိယဖြစ်သည့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)အသင်းတို့က ပထမပွဲစဉ်အဖြစ်လည်းကောင်း၊ (ခ)အုပ်စု ပထမဖြစ်သည့် ဈေးနှင့်သားသတ်ဌာနအသင်းနှင့် (က)အုပ်စုဒုတိယဖြစ်သည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအသင်းတို့က ဒုတိယပွဲစဉ် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် တတိယနေရာလုပွဲစဉ်နှင့် ဗိုလ်လုပွဲများကို ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

(ဓဲပုံ)
(မန္တလေးနေ့စဉ်-၃)

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**မတ္တရာ ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူး ကျင်းပသော (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းကစတင်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအသင်းများ ပါဝင်ယှဉ်ပြိုင်နေမှုကို မတ္တရာမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသန်းဝင်းအောင်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို အားကစားအသင်း (၁၂)သင်းဖြင့် ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၆၂)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားမုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

★ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME အေဂျင်စီဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အသင်းအဖွဲ့များနှင့် ပြခန်းတာဝန်ခံများ၊ တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များ၊ အထူး ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လိုက်လံ့စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားကို ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဦးချစ်ဆွေနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနား မုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ကယားပြည်နယ်၏ ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနား ဂုဏ်ပြုတေးသီချင်း ဖြစ်သည့် "စက်မှုကုန်စည်ပြပွဲဆီ" သီချင်းနှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် ပြည်ထောင်စုဝန်ကြီးဌာန ပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသထွက်ကုန်ပစ္စည်းများပြခန်းနှင့် အရောင်းပြခန်းများ၊ MSME လုပ်ငန်းရှင်များ၏ MSME ထုတ်ကုန်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှုလေ့လာကြပြီး ပြခန်းတာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

စာမျက်နှာ ၄ သို့ ★



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဦးချစ်ဆွေနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) ၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲကို ယနေ့ညနေပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး Banquet Hall ၌ ကျင်းပပြုလုပ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) ၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် အမှာစကားပြောကြားစဉ်။

### တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) ၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် ဂုဏ်ပြုညစာစားပွဲတွင် အမှာစကား ပြောကြားခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်မိကြောင်းကို ဦးစွာပြောကြားလိုကြောင်း၊ အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် လူမျိုးသုဉ်းစေမှု Genocide ဖြင့် စွဲဆိုထားသည့် အမှုကို နောက်ဆုံးအပြန်အလှန်နှုတ်ဖြင့်လျှောက်လဲချက် ကြားနာစစ်ဆေးမှု Oral Hearing ၌ မြန်မာနိုင်ငံဘက်မှ သွားရောက်ရင်ဆိုင်လျှောက်လဲခဲ့ကြသည့် နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ကို မြန်မာတစ်နိုင်ငံလုံးရှိပြည်သူလူထုက သောင်းသောင်းဖြဖြ ထောက်ခံအားပေး ဂုဏ်ပြုကြိုဆိုခဲ့ကြသည့်နည်းတူ နိုင်ငံတော်အစိုးရကလည်း နိုင်ငံတော်ကိုကိုယ်စားပြုပြီး ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲဖြင့် ဂုဏ်ပြုကြိုဆိုခြင်းပင်ဖြစ်ကြောင်း။

### ရွေးချယ်ခန့်အပ်တာဝန်ပေး

အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် ဂမ်ဘီယာနိုင်ငံမှ ၂၀၁၉ ခုနှစ်တွင် စတင်စွဲဆိုခဲ့သည့် ယင်းအမှုသည် ခြောက်နှစ်ကျော်ကြာမြင့်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ၌ အမှုကြားနာစစ်ဆေးသည့် Merit အဆင့်ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူခဲ့ပြီးနောက် အမှုကိစ္စနှင့်ပတ်သက်၍ အစိုးရများနှင့် သက်ဆိုင်သည့် နိုင်ငံတကာဥပဒေ Public International Law အရ ရှေ့က အစိုးရ၏ လုပ်ဆောင်ခဲ့သည့် လုပ်ငန်းနှင့် ကတိကဝတ်များကို ယေဘုယျအားဖြင့် ဆက်ခံရမည့် Succession of State တာဝန်ရှိမှုနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ ဆက်ခံဆောင်ရွက်နိုင်ရေး အပြည်ပြည်ဆိုင်ရာတရားရုံးက ၂၀၂၁ ခုနှစ်နှစ်လယ်ပိုင်းလောက်တွင် စတင်ဆက်သွယ်လာခဲ့ပြီးသည့်နောက် မိမိတို့အစိုးရအနေဖြင့်ယင်းအမှုကိုဆက်ခံဆောင်ရွက်သင့်၊ မသင့် တာဝန်ရှိသူများအကြား အကျေအလည် ဆွေးနွေးခဲ့ကြပြီးနောက် ထိုအချိန်တွင်ဖြစ်ပေါ်နေသည့် နိုင်ငံတကာနှင့် ပြည်တွင်းနိုင်ငံရေး အခြေအနေများအရ ယင်းအမှုကို ဆက်လက်ပြီး တာဝန်ယူ ဆောင်ရွက်သင့်သည်ဟုဆုံးဖြတ်ခဲ့ပြီး တာဝန်ခံဆောင်ရွက်မည့် Agent နှင့် Alternate Agent ကိုယ်စားလှယ်နှစ်ဦးကို ရွေးချယ်ခန့်အပ်တာဝန်ပေးခဲ့ကြောင်း။

စာမျက်နှာ ၅ သို့ ❖

★ စာမျက်နှာ ၃ မှ

အဆိုပါ ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကို နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSME များကို အားပေး မြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကိုအခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များကိုလျှော့ချရေးနှင့် သွင်းကုန်အစားထိုးထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းစီးပွားရေး ကောင်းမွန်လာစေပြီး အလုပ်အကိုင် အခွင့်အလမ်းပေါ်များလာစေရန်၊ ဒေသအလိုက်ဒေသတစ်ခု ထုတ်ကုန်တစ်ခု(OROP) အစီအစဉ်များ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှု သက်သက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ ယဉ်ကျေးမှုများ၊ ဇဟုသုတများ ဖလှယ်ရရှိမှု၊ ဈေးကွက် ချိတ်ဆက်နိုင်မှု၊ ပြည်တွင်း ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက် ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပဈေးကွက်သို့ချိတ်ဆက်နိုင်မည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း။

> ❛ စီးပွားရေးဖွံ့ဖြိုးမှုသက်သက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဇဟုသုတများ ဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု၊ ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည် ❜

### လေ့လာဝယ်ယူနိုင်

ယခု ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချသည့်ဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံး စက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှု လက်မှုလုပ်ငန်းနှင့် ကုန်ထုတ် သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး လျှပ်စစ်သုံး မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်/သုံးဘီးဆိုင်ကယ် ပြခန်းများ၊ အထည်ချုပ်ပြခန်းများ၊ ကုမ္ပဏီပြခန်းများ အပါအဝင် စုစုပေါင်းပြခန်းပေါင်း ၁၂၀ ကျော်ကို ပြသရောင်းချလျက်ရှိကြောင်းနှင့် ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဈေးရောင်းပွဲတော် ကာလအတွင်း နိုင်ငံကျော် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် လွတ်လပ်စွာ လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်



❖ စာမျက်နှာ ၄ မှ

အဆိုပါကာလက နိုင်ငံတကာနှင့် ပြည်တွင်းနိုင်ငံရေး အခြေအနေကို ပြန်ပြောင်းလေ့လာမည်ဆိုပါက မြန်မာနိုင်ငံအတွက် ပြည်တွင်းပြည်ပ ဖိအားများနှင့် စိန်ခေါ်မှုများများပြားနေခဲ့သည့် အချိန်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်အောက်ခံ အဖွဲ့အစည်းများတွင် မိမိတို့အစိုးရကို တရားဝင်အသိအမှတ်ပြုရန် တွန့်ဆုတ်နေခဲ့ကြပြီး ကုလသမဂ္ဂအထွေထွေညီလာခံ၌ပါ မြန်မာအမြဲတမ်းကိုယ်စားလှယ် အနေဖြင့် သစ္စာဖောက် ဘက်ပြောင်းသွားသည့်အတွက် နိုင်ငံတကာစင်မြင့်၌ ပြောရေးဆိုခွင့် ဆုံးရှုံးနေရသည့် အချိန်ဖြစ်ကြောင်း၊ အလားတူ အာဆီယံတွင်လည်း မြန်မာအစိုးရခေါင်းဆောင်များကို နိုင်ငံရေးအရ ဘေးဖယ်ထားခြင်း ခံရသည့် အချိန်လည်းဖြစ်ကြောင်း။

ပြည်တွင်း၌လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ပြင်းထန်ပျံ့နှံ့နေသကဲ့သို့ မင်းမဲ့စရိုက်ဆန်သည့်ဆူပူမှုများ ကျယ်ကျယ်ပြန့်ပြန့်ပြင်းထန်နေခဲ့သည့်အချိန်လည်း ဖြစ်ကြောင်း၊ ထိုကဲ့သို့အချိန်ကာလတွင် ယင်းအမှုကိုဆက်ခံပြီး ဆောင်ရွက်ပါက ဖြစ်လာနိုင်သည့် အလားအလာကို အကောင်းအဆိုး အကျိုးအပြစ်များကို လေ့လာချိန်ဆပြီးမှ ဆက်လက် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ ထိုကဲ့သို့ဆုံးဖြတ်ရသည့် အဓိကအကြောင်းရင်းမှာ အပြည်ပြည်ဆိုင်ရာတရားရုံးအနေဖြင့် မြန်မာဘက်က ဆက်ခံဆောင်ရွက်သည်ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ အမှုကိစ္စကို တရားပြိုင်ဘက်က မပါဝင်ဘဲလည်း တစ်ဖက်သတ်စစ်ဆေးသွားနိုင်ပါကြောင်း၊ ထိုကဲ့သို့ တစ်ဖက်သတ်စစ်ဆေးခဲ့ပါက တစ်ဖက်သတ် အချက်အလက်များကိုသာ ရယူစစ်ဆေးမည်ဖြစ်၍ မလိုလားအပ်သည်များ ဖြစ်လာနိုင်ကြောင်း၊ ထိုသို့ဆိုပါက မြန်မာနိုင်ငံအနေဖြင့် သမိုင်းတစ်လျှောက်ဖျောက်မရသည့် ဂုဏ်သိက္ခာ အမည်းစက်ကြီး စွန်းထင်းသွားမည်ဖြစ်သကဲ့သို့ နောက်ဆက်တွဲအနေဖြင့် အခြားမလိုလားအပ်သည့်ကိစ္စများ ဆက်လက်တွဲပါလာနိုင်ကြောင်း၊ ထို့ကြောင့် ယင်းအချိန်ကာလ အခြေအနေများအရ အကောင်းဆုံးဖြေရှင်းချက်အဖြစ် အဆိုပါနည်းလမ်းကို ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း မိမိတို့ဘက်က အဆင့်ဆင့်တရားရင်ဆိုင်ရတော့မည်ဆိုပါက အကောင်းဆုံးပြင်ဆင်နိုင်ရေးအတွက် နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေး၊ ဥပဒေရေးရာ၊ လူ့ဝင်မှုကြီးကြပ်ရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစသည့် သက်ဆိုင်ရာဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားရင်ဆိုင်ရေးဆိုင်ရာ ဦးဆောင်ကော်မတီကို ဖွဲ့စည်းပြီး ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ခဲ့ကြောင်း။

ဥပဒေအထောက်အကူပြုအနေဖြင့်လည်း ပြည်တွင်းက ဝါရင့်ဥပဒေပညာရှင်ကြီးများနှင့် ဥပဒေအကြံပေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ဥပဒေပိုင်းဆိုင်ရာ အကြံဉာဏ်များ ရယူခဲ့သကဲ့သို့ နိုင်ငံတကာရှေ့နေအဖွဲ့ကိုလည်း ယင်းအမှုတွင် လိုက်ပါဆောင်ရွက်ရန် ငှားရမ်းဖွဲ့စည်းခဲ့ရကြောင်း၊ ထို့အပြင် သမိုင်းကြောင်း အချက်အလက်များ ပြည့်စုံမှန်ကန်စွာရရှိနိုင်ရေးအတွက် ရခိုင်သမိုင်းဆိုင်ရာ ပြည်ပကျွမ်းကျင်ပညာရှင်တစ်ဦးကိုပါ ငှားရမ်း၍ ဆောင်ရွက်ခဲ့ပါကြောင်း။

ထိုကဲ့သို့ စနစ်တကျဖြင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် မူလချမှတ်ထားသည့် မဟာဗျူဟာအတိုင်း အချိန်အလုံအလောက်ရရှိခဲ့ပြီး အမှုအတွက် ပြင်ဆင်မှုလုပ်ငန်းများကိုလည်း ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာလုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယင်းအမှု စစ်ဆေးကြားနာမှု၏ နောက်ဆုံးအဆင့်ဖြစ်သည့် နှုတ်ဖြင့် စစ်ဆေးကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ ကျင်းပခဲ့ရာတွင် မိမိတို့ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ပြည့်စုံသည့် ကြိုတင်ပြင်ဆင်မှုများ ရှိခဲ့သောကြောင့် ခိုင်မာအားကောင်းစွာ ကာကွယ်ချေပ လျှောက်လဲနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ထို့အတွက်လည်း မိမိတို့၏ အေးဂျင့်နှစ်ဦး ခေါင်းဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်အနေဖြင့် ချီးကျူးဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း။

အမှန်ဆိုပါက အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံက ရင်ဆိုင်ဖြေရှင်းခဲ့ရသည့် ယခုအမှုသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် တစ်သင်းတစ်ဖွဲ့ကို စွဲဆိုခြင်းမဟုတ်ဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို စွဲဆိုခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၊ ပြည်သူလူထုနှင့် နိုင်ငံအစိုးရတို့အပါအဝင် တစ်နိုင်ငံလုံးကို တရားပြိုင်အဖြစ် စွဲဆိုတာဖြစ်သဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ဂုဏ်သိက္ခာနှင့် တိုက်ရိုက်ပတ်သက်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံအတွက် အထူးအရေးပါသည့် ကိစ္စတစ်ရပ်လည်း ဖြစ်ကြောင်း။

ယခုအမှုတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဥပဒေကြောင်းဆိုင်ရာအရ လည်းကောင်း၊ အချက်အလက်ပိုင်းဆိုင်ရာ အရလည်းကောင်း ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာ ရပ်တည်ချေပ လျှောက်လဲနိုင်ခဲ့ကြောင်း သိရှိရသည့်အတွက်လည်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တကွ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် သက်ဆိုင်ရာ ဌာနအားလုံးကို နိုင်ငံတော်အနေဖြင့် အထူးပင် ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

ယင်းအမှုကိစ္စသည် မြန်မာနိုင်ငံအတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်သော်လည်း ယင်းစိန်ခေါ်မှုမှ မြန်မာနိုင်ငံအနေဖြင့် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ယင်းအကျိုးအမြတ်များအနက် အရေးအကြီးဆုံးအချက်တစ်ရပ်မှာ **“အရေးကြီးပြီ သွေးစည်းကြစို့”** ဟူသည့်အတိုင်း မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲခံရသည့် ယခုအမှုအပေါ် မြန်မာပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းစည်းလုံးလုံး လက်တွဲပြီး နိုင်ငံချစ်စိတ်နှင့် ကိုယ့်နိုင်ငံဘက်က အပြည့်အဝထောက်ခံရပ်တည်ခဲ့ကြသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်မှု၏ သာဓကတစ်ရပ်ရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း။

နောက်ထပ် အကျိုးအမြတ်တစ်ခုအနေဖြင့် နှစ်ပေါင်းများစွာ ရှိနေခဲ့သည့် ရခိုင်ပြည်နယ်မြောက်ပိုင်းပြဿနာ၏ အရင်းအမြစ်တစ်ခုဖြစ်သည့် နိုင်ငံရေးအရ လုပ်ကြံဖန်တီးထားသည့် အမည်အမှတ် သရုပ်လက္ခဏာတစ်ရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို နိုင်ငံတကာစင်မြင့်တွင် အထောက်အထားအခိုင်အမာဖြင့် တင်ပြခွင့်ရခဲ့ခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် ဥပဒေပိုင်းဆိုင်ရာတွင်လည်း ယင်းအမှုမှ နိုင်ငံတကာအဆင့် အတွေ့အကြုံများရရှိခဲ့ပြီး မိမိနိုင်ငံအတွက် ဥပဒေကြောင်းအရ အလားတူထိုးနှက်တိုက်ခိုက်လာခြင်းမျိုး ထပ်မံရှိလာပါက မည်ကဲ့သို့အကောင်းဆုံး ပြင်ဆင်သွားမည်ဟူသည့် အသိအမြင်ဗဟုသုတများရရှိနိုင်ခဲ့သည်မှာလည်း အဆိုးထဲကအမြတ်တစ်ခုဟုဆိုရမည်ဖြစ်ကြောင်း။

ကုလသမဂ္ဂ၏ လက်အောက်ခံအဖွဲ့အစည်းဖြစ်သည့် ICJ အနေဖြင့် မည်ကဲ့သို့သော ရည်ရွယ်ချက်ရှိသည်ဖြစ်စေ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ယခုအမှုကိစ္စနှင့်ပတ်သက်၍ ကိစ္စကြီးငယ်မခွဲခြားဘဲ မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့်(ခြသေ့်က သားကောင်ကိုလိုက်သည့်ဥပမာကဲ့သို့) စနစ်တကျပြင်ဆင်၍ အင်ပြည့်အားပြည့်ဖြင့် ဆောင်ရွက်ခဲ့သည့် အတွက်ကြောင့် ယခုကဲ့သို့အခြေအနေမျိုးအထိ ရောက်လာနိုင်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှစ်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ဂုဏ်ပြုပါကြောင်းကိုလည်း ပြောကြားလိုကြောင်း။

မည်သို့ပင်ဖြစ်စေ နိုင်ငံငယ်များအနေဖြင့် ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်နေကြရသည့် မျက်မှောက်ခေတ်အင်အားနိုင်ငံရေး နိုင်ငံတကာအခင်းအကျင်းတွင် မည်ကဲ့သို့စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ရသည်ဖြစ်စေ မိမိတို့နိုင်ငံ၏အသက်အမျှအရေးပါသည့် အကျိုးစီးပွားများ ဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားပြည်သူလူထုတို့အကြား ယခုဖြစ်စဉ်မှာကဲ့သို့ပင် အတူတကွ စည်းလုံးညီညွတ်စွာ လက်တွဲစောင့်ရှောက် ကာကွယ်သွားကြရေးအမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူလုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့ အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ပြီး လိုအပ်သည့်အချက်အလက်များ စုဆောင်းခြင်း၊ ဖြစ်စဉ်ဖြစ်ရပ်မှန်များနှင့် သမိုင်းကြောင်းအချက်အလက်များ ပြည့်စုံစွာရရှိစေရေး ဆောင်ရွက်ခြင်း၊ ပြည်တွင်းမှ ဝါရင့် ဥပဒေပညာရှင်ကြီးများနှင့် ဥပဒေအကြံပေးအဖွဲ့ ဖွဲ့စည်း၍ ဥပဒေပိုင်းဆိုင်ရာအကြံဉာဏ်များ ရယူခြင်း၊ အမှုတွင်လိုက်ပါဆောင်ရွက်နိုင်ရေး နိုင်ငံတကာရှေ့နေအဖွဲ့နှင့် သမိုင်းဆိုင်ရာပညာရှင်တစ်ဦး ငှားရမ်းဖွဲ့စည်းခြင်းတို့ကို စနစ်တကျဖြင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကြား ဖြည့်ဆည်းမှုများနှင့်အတူ အကောင်းဆုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်းနှင့် မိမိတို့ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားဖြင့် ကြိုဆိုဂုဏ်ပြုမှုအပေါ် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

> ❝ ဥပဒေပိုင်းဆိုင်ရာတွင်လည်း ယင်းအမှုမှ နိုင်ငံတကာအဆင့် အတွေ့အကြုံများရရှိခဲ့ပြီး မိမိနိုင်ငံအတွက် ဥပဒေကြောင်းအရ အလားတူထိုးနှက်တိုက်ခိုက်လာခြင်းမျိုး ထပ်မံရှိလာပါက မည်ကဲ့သို့ အကောင်းဆုံးပြင်ဆင်သွားမည်ဟူသည့် အသိအမြင်ဗဟုသုတများရရှိနိုင်ခဲ့သည်မှာလည်း အဆိုးထဲက အမြတ်တစ်ခုဟု ဆိုရမည် ❞



အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကျေးဇူးတင်စကားပြောကြားစဉ်။

> ✧ ယင်းအမှုကိစ္စသည် မြန်မာနိုင်ငံအတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှု တစ်ရပ်ဖြစ်သော်လည်း ယင်းစိန်ခေါ်မှုမှ မြန်မာနိုင်ငံအနေဖြင့် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရ
>
> ✧ ယင်းအကျိုးအမြတ်များအနက် အရေးအကြီးဆုံးအချက်တစ်ရပ်မှာ “အရေးကြီးပြီ သွေးစည်းကြစို့” ဟူသည့်အတိုင်း မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲခံရသည့် ယခုအမှုအပေါ် မြန်မာပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းစည်းလုံးလုံး လက်တွဲပြီး နိုင်ငံချစ်စိတ်နှင့် ကိုယ့်နိုင်ငံဘက်က အပြည့်အဝထောက်ခံရပ်တည်ခဲ့ကြသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်မှု၏သာဓကတစ်ရပ်ရရှိခဲ့သည်ဟု ဆိုရမည်

# မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

နေပြည်တော် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ကဏ္ဍအသီးသီးတွင် ဘက်စုံကဏ္ဍစုံမှ ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး စွမ်းဆောင်နိုင်ခဲ့ခြင်း၊ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများအကြားမှ မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်ပြီး သံတမန်ဆက်ဆံရေးနည်းလမ်းများကို ဖော်ဆောင်နိုင်ခဲ့ခြင်း၊ မြန်မာ့နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ဆောင်ရွက်ချက်သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့် စိန်ခေါ်မှုများအကြားမှ ပြည်သူများအထူးလိုလားတောင့်တမျှော်လင့်လျက်ရှိသည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုလည်း အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် ရန်ကုန်တက္ကသိုလ်က ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခံရခြင်းအပေါ် မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP) အနေဖြင့် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)

# မြန်မာနိုင်ငံ လိုင်စင်ရကနဲထရိုက်တာများအသင်းချုပ်မှ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

နေပြည်တော် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို ဖေဖော်ဝါရီ ၅ ရက်တွင် ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်ပြီး ထိုသို့ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်အပ်နှင်းခံရခြင်းအပေါ် မြန်မာနိုင်ငံ လိုင်စင်ရကနဲထရိုက်တာများအသင်းချုပ်အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးစည်ပင်သာယာဝပြောရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ တိုးတက်ခိုင်မာအောင် ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံ လိုင်စင်ရကနဲထရိုက်တာများအသင်းချုပ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန် နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် . မြန်မာနိုင်ငံ၏ နိုင်ငံရေး အပြောင်းအလဲ ဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲ ဖြေရှင်းနိုင်ခဲ့သည့် စွမ်းဆောင်ချက်များနှင့် ဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများကြားမှ နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း စသည့်ကဏ္ဍ အသီးသီးတွင် ဘက်စုံကဏ္ဍစုံမှ ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ထိုသို့ ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က **ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration ( D.P.A . honoris causa)** ကို ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် အထူးဘွဲ့နှင်းသဘင် အခမ်းအနားဖြင့် အပ်နှင်းခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ၏ အမျိုးသားရေးအသင်းကြီးဖြစ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) အနေဖြင့် အထူး ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

**နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများ၊ နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖိအားပေးမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများ၊ နိုင်ငံတကာအသိုက်အဝန်းများနှင့် လိုက်လျောညီထွေရှိနိုင်မည့် ပြုပြင်ပြောင်းလဲမှုများ စသည့်စိန်ခေါ်မှုများစွာကို အခက်အခဲအကျပ်အတည်းများကြားမှ နိုင်ငံတော်ကိုဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သကဲ့သို့ ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့် ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားများ၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)

## ပေါင်းလဲဓမ္မဗိမာန်အတွက် ငွေလှူဒါန်းပွဲ ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေ အနောက်ပိုင်း၊ ရွှေသာလျောင်း ပေါင်းလဲဓမ္မဗိမာန်တော်ကြီး မြေငလျင်ကြောင့် ပြိုပျက်သွားသည့်အတွက် ပြန်လည်ဆောက်လုပ်ရာတွင် ပေါင်းလဲကျောင်းတိုက် ၂၈ ကျောင်း ဝါဆိုသံဃာများနှင့် ရှင်သာမဏေများမှ ဝတ္ထုငွေလှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီက တိုက်တွင်းသိမ်တော်ကြီး၌ ကျင်းပရာ တိုက်အုပ်ဆရာတော်အမှူးပြုသည့် ကျောင်းထိုင်ဆရာတော် ၂၈ ပါး ကြွရောက်တော်မူပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်လူကြီးများ စုံညီစွာ တက်ရောက်ကြသည်။

အစီအစဉ်အရ နမောတဿ သုံးကြိမ်ဘုရားကန်တော့ရွတ်ဆိုပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ ရှေးဦးစွာ တိုက်အုပ်ဆရာတော်ဦးဇဝန အနန္တဂုဏ်ရည်ကျောင်းဆရာတော်ကြီးက လှူဒါန်းရခြင်းအကြောင်းကို အကျယ်တဝင့်ရှင်းပြပြီး ဩဝါဒပေးတော်မူသည်။

၄င်းနောက် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်တင်က ယခုလို ဆရာတော်၊ သံဃာတော်များနှင့် ရှင်သာမဏေများက ဗိမာန်တော်ကြီးအတွက် ဝတ္ထုငွေလှူဒါန်းခြင်းကို ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း လျှောက်ထားသည်။

၄င်းနောက် ကျောင်းထိုင်ဆရာတော် ဦးစန္ဒာဝရ(ရန်ကြီးအောင်ကျောင်း)မှ ဝါဆိုသံဃာများနှင့် ရှင်သာမဏေများမှ လှူဒါန်းသည့် ဝတ္ထုငွေစာရင်းကို ဖတ်ကြားတင်ပြပြီး တိုက်အုပ်ဆရာတော်နှင့်ကျောင်းထိုင်ဆရာတော်များမှ လှူဒါန်းငွေကျပ် ၁၀၄ သိန်းတိတိကို ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးမောင်မောင်တင်၊ ဒုဥက္ကဋ္ဌ ဦးမြင့်ဇော်၊ အတွင်းရေးမှူး ဦးမောင်မောင်၊ ငွေထိန်းလူကြီး ဦးဌမ်ချို နှင့်ဂေါပကအဖွဲ့မှ လက်ခံရယူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားရုပ်သိမ်းကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ကဆ)

## မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ဂုဏ်ပြု လွမ်းတေးဆက်ဆို မန္တလေးတက္ကသိုလ် ပန်းချီပြပွဲ ကျင်းပ

မန္တလေးတက္ကသိုလ်ဘူမိဗေဒကျောင်းသားဟောင်း ပန်းချီမျိုးသက်၏ မန္တလေးတက္ကသိုလ်နှစ်(၁၀၀)ပြည့်ဂုဏ်ပြု၍ "လွမ်းတေးဆက်ဆို မန္တလေးတက္ကသိုလ်" အမည်ရှိ တစ်ကိုယ်တော်အခရိုင်လစ်ပန်းချီပြပွဲကို ချမ်းအေးသာစံမြို့နယ်၊ ၇၉ လမ်း၊၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိ နမ္မတီပန်းချီပြခန်းတွင် ဖေဖော်ဝါရီ ၆ ရက်မှ ၈ရက်အထိ၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိ ဖွင့်လှစ်ပြသခဲ့သည်။

လွမ်းတေးဆက်ဆို မန္တလေးတက္ကသိုလ်ပန်းချီပြပွဲတွင် မန္တလေးမြို့မှ မျိုးဆက်သစ် ပန်းချီဝါသနာရှင်မျိုးသက်၏ မန္တလေးတက္ကသိုလ်၏ ပုံရိပ်ပန်းချီကားများပြသထားသည်။ ပန်းချီကားများတွင် ၁၅လက်မ× ၂၂လက်မအရွယ်ပန်းချီကားများပါဝင်သည်။

ပန်းချီပြပွဲတွင်မန္တလေးတက္ကသိုလ်ဘူမိဗေဒပါမောက္ခ(ငြိမ်း) ဒေါက်တာမြင့်သိန်း၊ စာရေးဆရာဆူးငှက်၊ ပန်းချီဆရာမခင်နန်းဆန့်တို့က မုဒိတာစကားများပြောကြားကြပြီး နမ္မတီပန်းချီပြခန်းပိုင်ရှင် ဦးကျော်သူက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ပြပွဲသို့ မန္တလေးမြို့မှပန်းချီအနုပညာချစ်မြတ်နိုးသူများ၊ မန္တလေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)နှင့်ပန်းချီ၊ ပန်းပုကျောင်းမှကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။**(မောင်ပြည်သူ-မန္တလေး)**

# တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၃၃ / ၂၀၂၆)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

## တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း( ၈ )ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါတပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၁ အရ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၂၅၈၁၄ | ဗိုလ်ချုပ် | ကျော်သူရအေး |
| ( ၂ ) | ကြည်း ၂၀၇၇၅ | ဗိုလ်မှူးချုပ် | လှမျိုး |
| ( ၃ ) | ကြည်း ၂၀၈၃၄ | ဗိုလ်မှူးချုပ် | ဝင်းကိုကို |
| ( ၄ ) | ကြည်း ၂၃၇၅၀ | ဗိုလ်မှူးချုပ် | အောင်အောင် |
| ( ၅ ) | ကြည်း ၂၆၁၁၄ | ဗိုလ်မှူးချုပ် | ထွန်းထွန်းနိုင် |
| ( ၆ ) | ကြည်း ၂၆၈၈၄ | ဗိုလ်မှူးချုပ် | သန်းထွန်းအောင် |
| ( ၇ ) | လေ ၁၉၆၂ | ဗိုလ်မှူးချုပ် | မြင့်သောင်း |
| ( ၈ ) | ကြည်း ၂၃၉၂၃ | ဗိုလ်မှူးကြီး | စိုးမိုးကျော် |
| ( ၉ ) | ကြည်း ၂၃၉၆၃ | ဗိုလ်မှူးကြီး | အောင်အောင်ဟိန်း |
| (၁၀) | ကြည်း ၂၅၀၇၇ | ဗိုလ်မှူးကြီး | စိုးမြင့်အောင် |
| (၁၁) | ကြည်း ၂၅၇၂၈ | ဗိုလ်မှူးကြီး | သက်ပိုင် |
| (၁၂) | ကြည်း ၂၅၇၈၀ | ဗိုလ်မှူးကြီး | တင်အောင်မြင့် |
| (၁၃) | ကြည်း ၂၅၈၆၃ | ဗိုလ်မှူးကြီး | လှိုင်ဝင်း |
| (၁၄) | ကြည်း ၂၆၁၈၁ | ဗိုလ်မှူးကြီး | ဆန်းသွင် |
| (၁၅) | ကြည်း ၂၆၇၆၃ | ဗိုလ်မှူးကြီး | ညီညီတင် |
| (၁၆) | ကြည်း ၂၆၇၇၁ | ဗိုလ်မှူးကြီး | စိုးရွှေ |
| (၁၇) | ကြည်း ၂၆၇၇၆ | ဗိုလ်မှူးကြီး | သက်ဇင်ထွန်း |
| (၁၈) | ကြည်း ၂၆၇၉၃ | ဗိုလ်မှူးကြီး | ဖြိုးမင်းဝင်း |
| (၁၉) | ကြည်း ၂၆၈၃၄ | ဗိုလ်မှူးကြီး | မင်းဇော် |
| (၂၀) | ကြည်း ၂၆၈၈၆ | ဗိုလ်မှူးကြီး | ဇော်မင်းထက် |
| (၂၁) | ကြည်း ၂၇၅၅၈ | ဗိုလ်မှူးကြီး | ခင်ဇော် |
| (၂၂) | ကြည်း ၂၈၁၉၅ | ဗိုလ်မှူးကြီး | မျိုးထွဋ်ဝင်း |
| (၂၃) | ကြည်း ၃၂၉၁၁ | ဗိုလ်မှူးကြီး | အောင်သိန်းလွင် |
| (၂၄) | ကြည်း ၂၇၃၅၆ | ဒုတိယဗိုလ်မှူးကြီး | ဝင်းသိန်း |
| (၂၅) | ကြည်း ၂၇၃၇၀ | ဒုတိယဗိုလ်မှူးကြီး | မောင်မောင်စိုး |
| (၂၆) | ကြည်း ၂၉၃၇၂ | ဒုတိယဗိုလ်မှူးကြီး | ဝင်းမြင့်ထွန်း |
| (၂၇) | ကြည်း ၃၂၈၄၅ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်ထွန်း |
| (၂၈) | ကြည်း ၃၃၅၁၈ | ဒုတိယဗိုလ်မှူးကြီး | မျိုးမောင်သိန်း |
| (၂၉) | ကြည်း ၂၃၀၄၈ | ဗိုလ်မှူး | ဇဝန |
| (၃၀) | ကြည်း ၂၈၄၇၇ | ဗိုလ်မှူး | သက်ထွန်းဦး |
| (၃၁) | ကြည်း ၃၂၄၃၂ | ဗိုလ်မှူး | ပြည်ထွန်း |
| (၃၂) | ကြည်း ၃၃၅၆၅ | ဗိုလ်မှူး | မျိုးမင်းသန့် |
| (၃၃) | ကြည်း ၃၄၇၁၁ | ဗိုလ်မှူး | တင့်လွင်အေး |
| (၃၄) | ကြည်း ၃၅၁၈၈ | ဗိုလ်မှူး | နိုင်ဝင်းလတ် |
| (၃၅) | ကြည်း ၃၆၃၁၃ | ဗိုလ်မှူး | သိန်းထိုက်ကျော် |
| (၃၆) | ကြည်း ၃၆၄၅၄ | ဗိုလ်မှူး | ကျော်ဇေယျာဝင်း |
| (၃၇) | ကြည်း ၃၆၅၁၈ | ဗိုလ်မှူး | ဇေယျာဝင်း |
| (၃၈) | ကြည်း ၃၉၁၈၇ | ဗိုလ်မှူး | သိန်းထွန်းကျော် |
| (၃၉) | ကြည်း ၃၉၂၂၄ | ဗိုလ်မှူး | ထက်လွင်ဦး |
| (၄၀) | ကြည်း ၄၁၂၀၅ | ဗိုလ်မှူး | ဖြိုးဝေအောင် |
| (၄၁) | ကြည်း ၄၃၀၀၄ | ဗိုလ်မှူး | ဇော်ဝင်းထွဋ် |
| (၄၂) | ကြည်း ၄၅၄၅၄ | ဗိုလ်မှူး | ဝင်းမင်းထွန်း |
| (၄၃) | ကြည်း ၄၇၇၆၁ | ဗိုလ်မှူး | ဇော်မင်းလတ် |
| (၄၄) | ကြည်း ၅၂၇၈၉ | ဗိုလ်မှူး | ကျော်ဇင်ဝင်း |
| (၄၅) | ရေ ၄၀၈၄ | ဗိုလ်မှူး | တင်ထွဋ် |
| (၄၆) | ရေ ၄၄၂၆ | ဗိုလ်မှူး | အောင်ခိုင်လင်း |
| (၄၇) | လေ ၃၂၁၄ | ဗိုလ်မှူး | နေထက်လင်း |
| (၄၈) | လေ ၃၃၀၅ | ဗိုလ်မှူး | သန်းထွန်းဦး |
| (၄၉) | အင်န် ၇၂၁ | ဗိုလ်မှူး | ဒေါ်မော်မော်သန်း |
| (၅၀) | ကြည်း ၅၄၈၄၃ | ဗိုလ်ကြီး | သက်အောင် |
| (၅၁) | ကြည်း ၆၇၅၀၁ | ဗိုလ်ကြီး | ဒေါ်ခင်ရတနာထင်အောင် |
| (၅၂) | ကြည်း ၆၇၅၀၉ | ဗိုလ်ကြီး | ဒေါ်ဖြူဖြူမောင် |
| (၅၃) | ကြည်း ၆၇၅၅၀ | ဗိုလ်ကြီး | ဒေါ်ဖြိုးဖြိုးဝေ |
| (၅၄) | ကြည်း ၆၉၃၅၄ | ဗိုလ်ကြီး | ခိုင်စိုးလင်း |
| (၅၅) | ကြည်း ၇၀၁၈၁ | ဗိုလ်ကြီး | ဒေါ်စုမြတ်ဝေ |
| (၅၆) | ကြည်း ၇၄၂၉၄ | ဗိုလ်ကြီး | ဒေါ်ဖြိုးသီရိမွန် |

( ပုံ )သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပခုက္ကူတက္ကသိုလ်၌ အဝေးသင် သင်တန်း စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ဆက်လက်ကျင်းပ

ပခုက္ကူ ဖေဖော်ဝါရီ ၈

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်၌ စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ဆက်လက်ကျင်းပရာ ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ခင်ခင်ထွတ်၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်မယ်များနှင့်မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပခုက္ကူတက္ကသိုလ်၊ ခေတ္တပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်ဦးဆောင်သော သဟာရအဖွဲ့ဝင်များ ဘွဲ့နှင်းသဘင်ခန်းမစင်မြင့်ထက်သို့ ကြွရောက်နေရာယူကြပြီး ခေတ္တပါမောက္ခချုပ်က ၂၀၂၅ပညာသင်နှစ်တွင် ကျင်းပပြုလုပ်သော(အဝေးသင်သင်တန်း) စာမေးပွဲများ၌ ကောင်းစွာ ဖြေဆိုအောင်မြင်ပေါက်ရောက်ခဲ့ကြသည့် ဥပဒေပညာဘွဲ့၊ စီးပွားရေးပညာဘွဲ့အပါအဝင် ဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရမောင်မယ် စုစုပေါင်း ၄၀၈ ဦးတို့အား ဘွဲ့များအသီးသီး အပ်နှင်းသည်။

ထို့အပြင် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ပခုက္ကူတက္ကသိုလ် (၂၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပကာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျင်းပပြုလုပ်သော(နေ့သင်တန်း) စာမေးပွဲများ၌ ကောင်းစွာဖြေဆိုအောင်မြင်ပေါက်ရောက်ခဲ့ကြသည့် မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့စသည့် ဘွဲ့ရမောင်မယ်စုစုပေါင်း ၁၄၂ ဦးတို့အား ခေတ္တပါမောက္ခချုပ်က ဘွဲ့များအသီးသီးအပ်နှင်းခဲ့ကြောင်း သိရသည်။

(၃၄၀)

## အထက(၁၈) နန်းမြို့ကျောင်း၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီအစည်းအဝေး ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၈

အမှတ်(၁၈)အခြေခံပညာ အထက်တန်းကျောင်း နန်းမြို့ကျောင်း၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက မန္တလေး၊ ၃၆လမ်းနှင့် ၆၃လမ်းထောင့်ရှိ မဟာမြိုင်လက်ဖက်ရည်ဆိုင်တွင် ကျင်းပသည်။

အစည်းအဝေးသို့ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင်များတက်ရောက်ကြပြီး ကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်အောင်က ကန်တော့ခံဆရာကြီး၊ ဆရာမကြီးအား အဆက်အသွယ်ရရှိရေး၊ ဘဏ္ဍာငွေတိုးတက်ရရှိရေးနှင့် အာစရိယပူဇော်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအလိုက် တာဝန်ခွဲဝေပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။



အာစရိယပူဇော်ပွဲကို မတ် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုပါက ကော်မတီဝင်များဖြစ်ကြသည့် ဦးသန်းမြင့်အောင် (၀၉-၂၀၃၅ ၂၇၄)၊ ဦးအောင်သိန်းဦး (၀၉-၂၀၀၄၈၆၁)၊ ဦးဝဏ္ဏဇင် (၀၉-၇၉၂၀၂၄၇၆၂)၊ မဝင်းကျော့ခိုင် (၀၉-၉၅၄၀၄၆၄၅၉)၊ ဦးကျော်ကျော်မျိုးသန့် (၀၉-၄၀၂၅၇၄ ၇၅၂)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အဆိုပါ အာစရိယပူဇော်ပွဲတွင် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၁၁၇ ဦးကို ကန်တော့သွားရန် လျာထားပြီး အာစရိယပူဇော်ပွဲကို မတ် ၂၉ ရက်တွင် အထက(၁၈)နန်းမြို့ကျောင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာ တက်ရောက်နိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

ရွှေမန်း

# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များသည် အခြေခံကျသောအဖွဲ့များဖြစ်၍ စာပေယဉ်ကျေးမှုဘာသာစကားတို့ကို အပြန်အလှန် လေးစားကြရမည်

နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ရှိ ပြည်နယ်တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များဖြစ်ကြသည့် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ဓနုတိုင်းရင်းသားရေးရာအဖွဲ့၊ တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်း၊ ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအသင်း၊ ကချင်စာပေနှင့် ယဉ်ကျေးမှုအသင်း၊ ထနော့စာပေနှင့် ယဉ်ကျေးမှုအသင်း၊ လီဆူစာပေနှင့် ယဉ်ကျေးမှုအသင်း၊ ယင်းကြားစာပေနှင့်ယဉ်ကျေးမှုအသင်း၊ ယင်းနက်စာပေနှင့် ယဉ်ကျေးမှုအသင်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံသည်။



တွေ့ဆုံစဉ်တာဝန်ရှိသူများက တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုနှင့် စာပေဆောင်ရွက်နေမှု အခြေအနေ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတွင် တိုင်းရင်းသားပေါင်းစုံ ရောယှက်လျက်ပြည်နယ်နှင့်တိုင်းအသီးသီးတွင် နေထိုင်လျက်ရှိရာ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်စွာ ပေါင်းစည်း၍ အတူယှဉ်တွဲနေထိုင်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားတစ်မျိုးစီ၏ စာပေနှင့် ယဉ်ကျေးမှုသည် အခြားတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များ ထိခိုက်မှုမရှိစေရေး ဂရုစိုက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များသည် အခြေခံကျသောအဖွဲ့များဖြစ်၍ စာပေယဉ်ကျေးမှုဘာသာစကားတို့ကို အပြန်အလှန် လေးစားကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအတိုင်း နိုင်ငံတော်ကို ဗဟိုပြု၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်ပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံးသို့ ရောက်ရှိရာ ပြည်နယ်ဦးစီးမှူး၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

## စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၈**

စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း စာဖတ်ရှိန်မြင့်မားရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို နေရာအနှံ့ ကျင်းပလျက်ရှိပါကြောင်း၊ လူငယ်လူရွယ်များ အနေဖြင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာနိုင်စေရေး၊ စာပေဖတ်ရှုခြင်းမှ အသိပညာဗဟုသုတများ ရရှိလာနိုင်စေရေး၊ ရရှိလာသည့် အသိပညာဗဟုသုတများကို မိမိတို့ပတ်ဝန်းကျင်တွင် မျှဝေပေးနိုင်ရေး၊ အသိပညာရရှိစေသည့် စာအုပ်၊ စာပေများကို ရွေးချယ်ဖတ်ရှုလာနိုင်စေရေး၊ လူငယ်လူရွယ်များ ဗလငါးတန်နှင့် ပြည့်စုံလာနိုင်စေရေးတို့အတွက် ရည်ရွယ်၍ ယခုလို စာဖတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်တွင်းကြီးမြို့နယ်ရုံး ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

နောင်နောင်(ဗိသနိုးမြေ)

*-*-*-*-*-*

## ပွဲစားကုန်သည်စက်ပိုင်များအသင်း(မန္တလေးကုန်စည်ဒိုင်) စိန်ရတုခန်းမကြီးပြုပြင်ရန် ငွေများလှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်တွယ်အရှေ့ရပ်ကွက်၊ ၈ဖလမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြားရှိ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)တွင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စိန်ရတုခန်းမကြီး အဆောက်အအုံ ကွန်ကရစ်တိုင်များ၊ အတက်၊ အဆင်းလှေကား၊ ပြာသာဒ်ကြီးနှင့် အပျက်အစီးများ ပြုပြင်လျက်ရှိ၍ အသင်းသားများမှ ငွေများလာရောက်လှူဒါန်းကြရာ ဖေဖော်ဝါရီ ၄ရက်က ချမ်းအေးသာစံမြို့နယ်၊ အကွက်(၃၀၄)၊ ၃၃လမ်းနှင့်၃၄လမ်းကြား၊ ၈၉လမ်းနှင့်၉၀လမ်းကြားနေ ဦးသက်တင်+ဒေါ်သန္တာအေး(ဒေါင်းဂျုံစက်)မိသားစုက ငွေကျပ်သိန်း ၁၀၀၊ ကမ်းနားလမ်းနေ ဦးခင်မောင်ကြည်+ဒေါ်မြင့်မြင့်ဝင်း(သျှန်ပွဲရုံ) မိသားစုက ငွေကျပ် သိန်း ၅၀ လာရောက်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမျိုးဆွေ၊ အတွင်းရေးမှူး ဦးမောင်စိုးနှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၄၅)

---

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ပြပွဲဆောင်ရွက်

**မြို့သစ် ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ပြည်ထောင်စုနေ့နှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်အတွက် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့ရပုံနှင့်ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းအကြောင်းအရာများကို အသိပညာပေးဟောပြောပြီး ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဆိုင်ရာ အသိပညာပေးစာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများအား ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။



(အောက်ပုံ)

ဝင်းအိစွန်(ပြန်/ဆက်)

၀-၀-၀-၀

## နန်းတော်ရှေ့ဈေး မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ ဟောပြောခြင်းနှင့် သရုပ်ပြသခြင်းများ ဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ နန်းတော်ရှေ့ဈေး၌ ဈေးမီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ ဟောပြောခြင်းနှင့် သရုပ်ပြသခြင်းများကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးခန့်မင်းထက်နှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ရင်းမှ အရန်မီးသတ်တပ်ရင်းမှူး မြင့်ဇော်၊ တပ်ခွဲ(၄) အရန်မီးသတ်တပ်ခွဲမှူး ကျော်ဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နန်းတော်ရှေ့ဈေးတာဝန်ခံ ဦးအောင်သူမြင့်နှင့် ဈေးအကျိုးတော်ဆောင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ရာအိမ်မှူးများပူးပေါင်းအဖွဲ့သည် ပွင့်လင်းခြောက်သွေ့သောရာသီအချိန်သို့ ရောက်ရှိလာပြီဖြစ်သောကြောင့် ဈေးသူဈေးသား ၅၀ ဦးတို့အား မီးဘေးလုံခြုံရေးဆိုင်ရာများ အသိပညာပေးဟောပြောခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်းနှင့် ဈေးဆိုင်ခန်းများ၏ မီးသုံးစွဲမှုအခြေအနေများ စစ်ဆေးဆောင်ရွက်ခြင်း၊ ဈေးအတွင်းရှိ မီးသတ်ရေငုတ် Hydrants ခေါင်းအားစစ်ဆေးခြင်းနှင့် လျှပ်စစ်မီးသုံးစွဲမှုနှင့် ဝါယာကြိုးသွယ်တန်းထားမှုအခြေအနေများ စစ်ဆေးဆောင်ရွက်ခဲ့ကြပြီး ဈေးတာဝန်ခံနှင့် ဈေးအကျိုးတော်ဆောင်များအား လိုအပ်သည့် အကြံပြုလမ်းညွှန်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(မန္တလေးနေ့စဉ်-၄)




○ စာမျက်နှာ ၂၄ မှ
ယာယီတိုက်ပွဲရှောင်စခန်းများသို့ ၎င်းတို့၏ တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဗန်းမောက်ဒေသတစ်ဝိုက်အား ယာယီစိုးမိုးထားစဉ်ကာလအတွင်း အဆိုပါဒေသရှိမြေပေါ်၊ မြေအောက်ရှိ သယံဇာတပစ္စည်းများကို အလွန်အကျွံ ထုတ်ယူအသုံးပြုခဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင်များစွာ ထိခိုက်ပျက်စီးခဲ့ရကြောင်း တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ရေး စစ်ကြောင်းများခွဲ၍ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှစ၍ နယ်မြေရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ပင်ဟင်းခါးရွာ၊ ရွှေကျောင်းရွာ၊ ခိုပြင်ရွာ၊ နောင်သာယာရွာ၊ တာဝါတိုင်ကုန်း၊ ခမိုးရွာနှင့် ဖြူးတောင်တစ်ဝိုက်တို့အားလည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဗန်းမောက်မြို့၏ အနောက်ဘက်နှင့် အနောက်မြောက်ဘက် မိုင်ဝက် မီတာ ၂၀၀၀ ခန့်အကွာရှိ စစ်ဗျူဟာအရေးကြီးနေရာများအား လည်းကောင်း ဦးစွာထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ကာ နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ပြီး ဗန်းမောက်မြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများသည် ဗန်းမောက်မြို့အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လူနေအိမ်များ၊ ဟိုတယ်များနှင့် အထပ်မြင့် အဆောက်အအုံများတွင် သဲအိတ်ဘန်ကာများ အခိုင်အမာဆောက်လုပ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ အဆောက်အအုံများ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေးအတွက် ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE) နှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ရသည့်အတွက် စစ်ဆင်ရေးကာလ လေးလကျော်ကြာမြင့်ခဲ့ရပြီး ဖေဖော်ဝါရီ ၈ ရက် ယနေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဗန်းမောက်မြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အလုံးစုံပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်ဆင်ရေးကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီးငယ် ၆၉ ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေး

စာမျက်နှာ ၁၁ သို့ ❐



လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဗန်းမောက်မြို့အား ပြန်လည်ထိန်းချုပ်မှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(နတလ)အား ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးအား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဗန်းမောက်ဒေသရှိ မြေပေါ်၊ မြေအောက်ရှိ သယံဇာတပစ္စည်းများကို အလွန်အကျွံ ထုတ်ယူအသုံးပြုခဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင်များစွာ ထိခိုက်ပျက်စီးခဲ့မှုအား တွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ အလက(ဗန်းမောက်)အား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ မြန်မာ့စီးပွားရေးဘဏ်အား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်လုပ်စိန်ပြောင်း၊ မီးလောင်ပုလင်း၊ လက်လုပ်မိုင်းများ မှတ်တမ်းဓာတ်ပုံ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ ရဲစခန်းအား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံများ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့တွင်း ရှင်းလင်းစဉ် အမက(အောင်သာကုန်း)အတွင်း သိမ်းပိုက်ရရှိသည့် ဘန်ကာနှင့် ပစ်ကျင်းများ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့ တော်ဝင်ရွှေမြို့တော်ဟိုတယ်နှင့် ဟိုတယ်အတွင်း၌ ခံစစ်ပြင်ဆင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့ အထက(ဗန်းမောက်)ရှိ စာသင်ဆောင်များ၌ ခံစစ်ပြင်ဆင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား နှစ်ဦး သေဆုံးကာ အမျိုးသား တစ်ဦးနှင့် ကလေး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ



**ပဲခူး ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား နှစ်ဦး သေဆုံးကာ အမျိုးသား တစ်ဦးနှင့် ကလေး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပြင်စည်မီးပွိုင့်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ပဲခူးတက္ကသိုလ်ဘက်မှ ပဲခူးမြို့တွင်းဘက်သို့ ရွှေလေ့ကျေးရွာနေ ဇော်ထက်(၃၅)နှစ်ဆိုသူ မောင်းနှင်လာသည့် FUSO ခြောက်ဘီး မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ ဘရိတ်ပေါက်ပြီး မီးပွိုင့်တွင် မီးနီ၍ စောင့်ဆိုင်းနေသော ဥဿာမြို့သစ်(၅)ရပ်ကွက်နေ ဦးကျော်စွာဦး(၄၅)နှစ်ဆိုသူ မောင်းနှင်သည့် LUOJIA-110 မော်တော်ဆိုင်ကယ်၊ဥဿာမြို့သစ်၊ (၈)ရပ်ကွက်နေ ဦးသီဟစိုး(၃၅)နှစ်ဆိုသူ မောင်းနှင်သည့် HONDA WAVE မော်တော်ဆိုင်ကယ်နှင့် ဥဿာမြို့သစ်၊(၆)ရပ်ကွက်နေ ဦးကျော်ဝင်းဆွေ(၅၉)နှစ်ဆိုသူမောင်းနှင်ပြီး နောက် တွင် သမီးဖြစ်သူ မယွန်းယမုံဖူး(၁၅)နှစ်ဆိုသူ လိုက်ပါလာသည့် HONDA CLICK မော်တော်ဆိုင်ကယ်တို့အား နောက်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးကျော်စွာဦးနှင့် ဦးသီဟစိုးဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိကာ သေဆုံးခဲ့ပြီး ဦးကျော်ဝင်းဆွေနှင့် မယွန်းယမုံဖူးဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ဇော်ထက်ဆိုသူအား ပဲခူးမြို့၊ အမှတ်(၃) နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**ဘီးလင်း ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၉ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ဘီးလင်းမြို့နယ်၌ ကျိုက်ထိုခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ဘီးလင်းမြို့၊ ဒေါက်ရပ်ကျေးရွာ၊ ရွှေသံလွင်တိုးဂိတ်ဟောင်း၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သထုံမှ ဘီးလင်းသို့ ဒိုက်ဦးမြို့နယ်၊ ကလိကျေးရွာနေ သူ့ကိုကို(၂၀)နှစ်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ဆိုင်ကယ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သူ့ကိုကိုဆိုသူအား ဘီးလင်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀

၀-၀-၀-၀-၀

## ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦး ဒဏ်ရာရရှိ

**နောင်ချို ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁ နာရီခွဲက နောင်ချိုမြို့နယ်၊ မန္တလေး-လားရှိုး ပြည်ထောင်စုကားလမ်းမကြီး၊ ဂုတ်တွင်း (ကုလားမကွေ့အနီး)၊ မိုင်တိုင်အမှတ် ၈၃ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်းသတင်းအရ နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက် စစ်ဆေးခဲ့ရာ ကျောက်မဲမြို့မှ နောင်ချိုမြို့သို့ ပြည်ကြီးတံခွန်မြို့နယ်နေ ဦးအောင်လှိုင်(၄၂)နှစ်ဆိုသူ မောင်းနှင်ပြီး ဒေါ်မာမာထွေး (၄၇)နှစ်၊ ကျောက်မဲမြို့နယ်၊ အမှတ်(၈) ရပ်ကွက်နေ ဒေါ်နန်းကြိမ်ခမ်း (၃၆)နှစ်၊ ပါပုတ်ကျေးရွာနေ မနန်းညွန့်ဦး(၁၈)နှစ်နှင့် ပန်းပေါင်းကျေးရွာနေ ဦးစိုးမင်းအောင်(၄၀) နှစ်ဆိုသူတို့ လိုက်ပါလာသော SUPER CUSTOM မော်တော်ယာဉ်သည် အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ဦးအောင်လှိုင်ပါ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦးတွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ဦးအောင်လှိုင်ဆိုသူအား နောင်ချိုမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀

## ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့၌ စုစုပေါင်း ဘိန်းစိုက်ခင်း ၂၇၄ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီ ၁၀ မိနစ်မှ ညနေ ၄ နာရီ ၄၀ မိနစ် အထိ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က တာချီလိတ်မြို့နယ်၊ လောစ်ရှီးကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၄၀ ခန့်အား လည်းကောင်း၊ အလားတူ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ အထိ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ်၊ ဆောဆားကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၅ ဧကခန့်အား လည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီမှ ညနေ ၄ နာရီ ၁၀ မိနစ်အထိ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ်၊ ညောင်ပင်ကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၇ ဧကခန့်နှင့် လိန်းတာကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်အား လည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ ၁၀ မိနစ်မှ မွန်းလွဲ ၂ နာရီခွဲအထိ ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ်၊ စငေါကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၂ ဧကခန့်အား လည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ ၁၀ မိနစ်မှ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ အထိ မိုင်းဆတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က မိုင်းဆတ်မြို့နယ်၊ ခကြားတို ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၇ ဧကခန့်၊ ခီးလုံကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၃၀ ခန့်နှင့် ဟိုခီးကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၅ ဧကခန့်အား လည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ ၁၀ မိနစ်မှ ညနေ ၄ နာရီအထိ လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ်၊ ဟွေကုန်းကျေးရွာ အနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၆၀ ခန့်အား လည်းကောင်း၊ ထို့အတူ နံနက် ၁၁ နာရီ ၅ မိနစ်မှ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်အထိ မိုင်းတုံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က မိုင်းတုံမြို့နယ်၊ ရွှေတောင်ကျေးရွာအနီးတစ်ဝိုက်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၃ ဧကခန့်အား လည်းကောင်း အသီးသီး ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| ဆွမ်ဆီး | ၄ | - | ၀ | ရှက်ဖီးလ်(Wed) |

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၄)အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| ဘိုလော့ဂ်နာ | ၀ | - | ၁ | ပါးမား |
| လက်ချီ | ၂ | - | ၁ | အူဒီးနိစ် |
| ဆက်ဆူအိုလို | ၀ | - | ၅ | အင်တာမီလန် |

| ဂျာမန်ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၁)အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| ကိုလုံး | ၁ | - | ၀ | လိုက်ပဇစ် |
| ဘိုင်ယန်မြူးနစ် | ၅ | - | ၁ | ဟော့ဖန်ဟိမ်း |

❐ စာမျက်နှာ ၁၀ မှ

တပ်ဖွဲ့ဝင်အချို့ ကျဆုံး/ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်မျိုးစုံ ၂၇ လက်၊ ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမား ရုပ်အလောင်းများနှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။

**ဆောင်ရွက်လျက်ရှိ**

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဗန်းမော်မြို့အတွင်း နေရပ်စွန့်ခွာ ဒေသခံပြည်သူများပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ စာသင်ကျောင်း၊ ဆေးရုံ အဆောက်အအုံများ၏ ပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်းများ စသည့် အကြမ်းဖက်သမားများကြောင့် ယိုယွင်း ပျက်စီးခဲ့ရသည့် မြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံး ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် အလောင်း/လက်နက် မှတ်တမ်းဓာတ်ပုံများ။



# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်လူးကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက စီမံကိန်းအကြောင်းအရာများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅ ဒသမ ၅၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျောင်းစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၀ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၇ ဦးကို ငွေကျပ် ၂၂ ဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၂ ဒသမ ၄၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၅ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**နော်လူး**

*-*-*-*-*-*-*

# မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စားသောက်ကုန်ပစ္စည်းများအား ပြည်သူ့သက်သာဈေးရောင်းချပေး

**မြစ်သား ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြို့မအနောက်ရပ်ကွက်ရှိ မြစ်သားစည်ပင်သာယာဈေးအဝင်ပေါက်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့မှ စားသောက်ကုန်ပစ္စည်းများအား ဖေဖော်ဝါရီ ၆ ရက် နံနက် ၇ နာရီက ရောင်းချပေးခဲ့သည်။ **(အပေါ်ယာပုံ)**

ပြည်သူ့သက်သာဈေးရောင်းချရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အခြေခံစားသောက်ကုန်ရောင်းချသည့် လုပ်ငန်းရှင်များသည် ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးရာ ဒေသခံပြည်သူများမှ လာရောက်ဝယ်ယူခဲ့သည်။ ထို့သို့ ရောင်းချရာတွင် ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀၀ ဖြင့် ပိဿာ ၅၀ အားလည်းကောင်း၊ အမဲသားတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ ဖြင့် ပိဿာ ၃၀ အား လည်းကောင်း၊ ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ ဖြင့် ၁၀ ပိဿာအားလည်းကောင်း၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၄၀၀ ဖြင့် ၁၅၀၀ လုံးအားလည်းကောင်း၊ သုခရှယ်ဆန်တစ်ပြည်လျှင် ငွေကျပ် ၃၃၀၀ ဖြင့် ၄၈ ပြည်အား လည်းကောင်း၊ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၅၀ ဖြင့် ပိဿာ ၁၁၀အား လည်းကောင်း၊ ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ဖြင့် ပိဿာ ၈၀တို့အား လည်းကောင်း ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။ အဆိုပါဈေးရောင်းချရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများမှ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

**ဝါဝါမြင့် (မြစ်သား)**

# ရန်ပယ်ဈေးအတွင်းရှိ ဈေးဆိုင်များအား ကွင်းဆင်းစစ်ဆေးပေး

**မကွေး ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့၊ ရန်ပယ်ဈေးအတွင်း ရောင်းချနေသော ဈေးဆိုင်များအား စားသောက်ကုန်များ အန္တရာယ်ကင်းရှင်းစေရေး စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများ နေ့စဉ်အသုံးပြုနေသော အစားအသောက်များတွင် ခွင့်မပြုဆိုးဆေး၊ တာရှည်ခံဆေးများ ပါဝင်မှု ရှိ၊ မရှိကို သက်ဆိုင်ရာ မြို့နယ်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များနှင့်ပူးပေါင်း၍ Mobile Lab Van အသုံးပြု၍ ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့ရာ ကျပန်းနမူနာကောက်ယူခဲ့သော အစားအသောက်နမူနာ ၁၁ မျိုးတွင် ခွင့်မပြုဆိုးဆေး၊ တာရှည်ခံဆေးများ ပါဝင်မှုမရှိပါကြောင်းနှင့် ဈေးရောင်းချသူများအား အဆိုပါ ခွင့်မပြုဆိုးဆေး၊ တာရှည်ခံဆေးများအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**

o-o-o-o-o-o-o




# ဂုဏ်မင်းအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ဇမ္ဗူသီရိ ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၊ ပျဉ်းမနားခရိုင်၊ ဇမ္ဗူသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တဲကြီးကုန်းကျေးရွာအုပ်စု၊ ဂုဏ်မင်းအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်က ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကျိုးကျေးဇူးများနှင့် လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ငွေစာရင်းဇယား ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဂုဏ်မင်းအင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆ ဒသမ ၃၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဂုဏ်မင်းအင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၆ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၈ ဦးကို ငွေကျပ် ၁၈ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂ ဒသမ ၄၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၉ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၄ ဦးကို ငွေကျပ် ၄၆ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)



# မိုးရာသီနှင့် ဆောင်းရာသီ ကောက်ပဲသီးနှံအမျိုးမျိုးစိုက်ပျိုး အထွက်နှုန်းကောင်းမွန်

**ပင်းတယ ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ် အတွင်းရှိ တောင်ယာ၊ လယ်ယာခြံများ၌စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည့်လုပ်ငန်းများ မိုးရာသီနှင့်ဆောင်းလရာသီအချိန်ကာလ၌ ကောက်ပဲသီးနှံအမျိုးမျိုးတို့တွင် စိုက်ပျိုးသီးနှံအထွက်နှုန်းကောင်းမွန်လျက်ရှိကြောင်း ဒေသခံစိုက်ပျိုးတောင်သူများထံမှ သိရသည်။



အဆိုပါ ဓနုဒေသ ပင်းတယနှင့် ရွာငံမြို့နယ်လယ်ယာ၊ တောင်ယာခြံများ၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီနှင့် ဆောင်းလရာသီတွင် စိုက်ပျိုးထွက်ရှိသည့် ကောက်ပဲသီးနှံ စိုက်ဧက စုစုပေါင်း ၂၂၂၉၉၃၁၂ ဧကရှိပြီး ယခုလက်ရှိ ဖေဖော်ဝါရီလ တတိယပတ်တွင် ကောက်ပဲသီးနှံအမျိုးမျိုး ခူးဆွတ်ရိတ်သိမ်းပြီးစီးမှုဧက ၁၅၁၇၅၇ ဧကရှိကြောင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြေစာရင်းဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ခုနှစ်ကောက်ပဲသီးနှံအမျိုးမျိုးတို့၏ စိုက်ဧရိယာ၊ ရိတ်ဧရိယာ၊ အထွက်နှုန်းနှင့် ရိတ်သိမ်းပြီးစီးမှု အခြေအနေစာရင်းမှတ်တမ်းအရ ဒေသအဆင့် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ဓနုဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကျေးရွာများ၌ မှီတင်းနေထိုင်ကြသော ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း၊ အင်းသား၊ ဗမာ အစရှိသော တိုင်းရင်းသားမိဘပြည်သူ မိသားစုဝင်များ၏ စားဝတ်နေရေးအဓိကစီးပွားရေးလုပ်ငန်းမှာ မိုးစပါးနှင့် ကောက်ပဲသီးနှံအမျိုးမျိုး၊ နှစ်တိုနှစ်ရှည်သစ်သီးဝလံဥယျာဉ်ခြံများ စိုက်ပျိုးခူးဆွတ်ရိတ်သိမ်းထုတ်လုပ်ရောင်းချပေးရသည့် လုပ်ငန်းလုပ်ကိုင်ကြ၍ နွေ၊ မိုး၊ ဆောင်းရာသီအလိုက် ကောက်ပဲသီးနှံအမျိုးမျိုးနှင့် သစ်သီးဝလံအမျိုးမျိုး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၃၃၈)

# မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ် အထူးဓမ္မသဘင် ကျင်းပမည်




**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ စစ်ကိုင်းပရိယတ္တိကျောင်းတွင် ဖွင့်လှစ်ထားသော မြဇေယျာကုသိုလ်ဖြစ်ဆေးခန်း၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အထူးဓမ္မသဘင်ကို အဆိုပါဆေးခန်း၌ ၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်မှ ၇ ရက်အထိ သုံးရက်တိုင်တိုင် ည ၇ နာရီတွင် ကျင်းပမည် ဖြစ်သည်။

အဆိုပါ အထူးဓမ္မသဘင် ပထမညတွင် စစ်ကိုင်းမြို့ တကောင်းကျောင်းသစ်ကျောင်း သာသနဓဇဓမ္မာစရိယဆရာတော် ဘဒ္ဒန္တစန္ဒာဝရ၊ ဒုတိယညတွင် သစ်ဆိမ့်တိုက် ငြိမ်းချမ်းရွှေပြည်ကျောင်း အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော် အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)၊ တတိယညတွင် စစ်ကိုင်းတောင်ရိုး ကြံတိုင်းအောင်ပရိယတ္တိစာသင်တိုက် သာသနဓဇဓမ္မာစရိယ ဆရာတော် ဘဒ္ဒန္တစန္ဒနသာရတို့က တရားရေအေးအမြိုက်ဆေး တိုက်ကျွေးမည်ဖြစ်၍ တရားချစ်ခင်သူတော်စင်များ၊ ဓမ္မမိတ်ဆွေအပေါင်းတို့အား တရားနာ ကြွရောက်ကြပါရန် အထူးဓမ္မသဘင်ပွဲ ကျင်းပရေးအဖွဲ့မှ ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၀၅၃)

*-*-*-*-*-*-*

## အသိပေးကြေညာခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်နိုင်ရန် လုပ်ငန်းလိုင်စင်များ စိစစ်ထုတ်ပေးလျက်ရှိပါသည်။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်သည့်ရက်မှစတင်၍ အကျုံးဝင်သည့် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်းဖြစ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် (၁-၄-၂၀၁၆)ရက်မှ (၃၁-၃-၂၀၁၇)ရက်အထိ တစ်နှစ်သက်တမ်းရှိသော လုပ်ငန်းလိုင်စင်ထုတ်ပေးသွားမည် ဖြစ်ပါသည်။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်အင်္ဂါရပ်နှင့်အညီ မြို့ပြစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် စည်ပင်သာယာရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ လုပ်ငန်းလိုင်စင်နှင့် စီးပွားရေးအမှိုက်သိမ်းဆည်းခ (ဟိုတယ်/ဆေးရုံ၊ဆေးခန်း)များကို ခေတ်နှင့်လျော်ညီသော နှုန်းထားဖြင့် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပါသဖြင့် ပြင်ဆင်သတ်မှတ်ထားသော လိုင်စင်ခနှုန်းများအတိုင်း ပေးဆောင်ရန်နှင့် အသေးစိတ်သိရှိလိုပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနနှင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများသို့ ဆက်သွယ်စုံစမ်းဆောင်ရွက်ပါရန် အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# စားအုန်းဆီဝယ်ယူခွင့်စာအုပ်ဖြင့် စာအုပ်တစ်အုပ်လျှင် ဆီနှစ်ပိဿာနှုန်းဖြင့် စားအုန်းဆီများ ရောင်းချပေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ပြည်သူများ စားအုန်းဆီ ဝယ်ယူရာ၌ အခက်အခဲမရှိစေရေးအတွက် စားအုန်းဆီဝယ်ယူခွင့်စာအုပ်များ ပြုလုပ်ပေးခဲ့ပြီး စားအုန်းဆီများကို အပတ်စဉ် စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိရာ ယခုအပတ်တွင် စာအုပ်တစ်အုပ်လျှင် ဆီနှစ်ပိဿာနှုန်းဖြင့် စားအုန်းဆီ ၄၅၅၈ ပိဿာ ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာ၌ ရည်ညွှန်းရောင်းဈေး စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၇၂၅၀ ဖြင့် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဝင် စားသုံးဆီဆိုင်များဖြစ်သည့် ဦးတင်လင်းအောင်(အမေထွား) ဆီအရောင်းဆိုင်မှ ညောင်ပင်စောက်ကျေးရွာပြည်သူများအား စားအုန်းဆီပိဿာ ၂၂၀၊ ဒေါ်ကေဇာခိုင်(ဗိုလ်တစ်ထောင်) ဆီအရောင်းဆိုင်မှ ဆူးလေကုန်း၊ လေးဆယ်ကုန်းကျေးရွာ ပြည်သူများအား စားအုန်းဆီ ပိဿာ ၇၇၀၊ ဒေါ်သဇင်အောင်(နေလသုခ) ဆီအရောင်းဆိုင်မှ ဖောင်ရွာရပ်ကွက်ပြည်သူများအား စားအုန်းဆီ ၁၃၆၈ ပိဿာ၊ ဒေါ်သီတာ(စစ်ငြိမ်း) ဆီအရောင်းဆိုင်မှ ကြောင်းကျေးရွာပြည်သူများအား စားအုန်းဆီပိဿာ ၃၃၀၊ ဒေါ်စန်းစန်းဌေး (နေလသုခ-၂) ဆီအရောင်းဆိုင်မှ မင်းရပ်ရပ်ကွက်နှင့် ဒါန်းတိုင်ကျေးရွာပြည်သူများအား စားအုန်းဆီပိဿာ ၁၃၂၀၊ ဒေါ်သက်သက်မွန် (အနန္တဂုဏ်) ဆီအရောင်းဆိုင်မှ ပိတောက်တက်၊ တောင်တော်ကျေးရွာ ပြည်သူများအား စားအုန်းဆီပိဿာ ၃၃၀၊ ဦးအေးမင်းစိုး(အေးချမ်းမွန်) ဆီအရောင်းဆိုင်မှ ပေါင်လောင်ကြီးကျေးရွာပြည်သူများအား စားအုန်းဆီပိဿာ ၂၂၀ တို့ကို အသီးသီး ရောင်းချပေးခဲ့ကြောင်း ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

(၄၈၅)

# ဝိဇာတမွေးနေ့မင်္ဂလာ ကျင်းပ



**မန္တလေး ဖေဖော်ဝါရီ ၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ ဇန်းမောက်ကျောင်း၊ ဓမ္မရောင်ခြည်ကျောင်းတိုက် ဦးစီးပဓာနနာယက၊ ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တဓမ္မဓဇသာရ(ဇလုံတောင်)၏ သက်တော်(၅၃)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာကို တပို့တွဲလပြည့်နေ့ နံနက် ၇ နာရီခွဲက အဆိုပါကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ဝိဇာတမွေးနေ့မင်္ဂလာသို့ စတုဘုမ္မိက နဂါးပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက (မဟာသဒ္ဓမ္မဇောတိကဓဇ)မန္တလေးတိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (၄က်တွင်း)စတုဘုမ္မိကနိကာယဂိုဏ်းကြီး၏ "ဂဏနာယကဥက္ကဋ္ဌ" ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌသာရ အမှူးပြုသော ဇန်းမောက်ကျောင်း၊ ဓမ္မရောင်ခြည်ကျောင်းတိုက်ဦးစီးပဓာန နာယက၊ ဗုဒ္ဓသာသနာပြု ဝိဇာတမွေးနေ့ကုသိုလ်ရှင် ဆရာတော် ဘဒ္ဒန္တဓမ္မဓဇသာရနှင့် တိုက်တွင်းသံဃာတော်များ၊ ပင့်သံဃာတော်များ ကြွရောက် ချီးမြှင့်ပြီး ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမ မိသားစုများနှင့် ဝေယျာဝစ္စလူငယ်မောင်မယ်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို "နမောတဿ" သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ကြပြီး အခမ်းအနားမှူး ဆရာတော် ဘဒ္ဒန္တပုညာနန္ဒက အခမ်းအနား အစီအစဉ်များကို လျှောက်ထားသည်။ ထို့နောက် ဘဒ္ဒန္တဓမ္မဓဇသာရ(ဇလုံတောင်)၏ သက်တော်(၅၃)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာကို အကြောင်းပြု၍ ကျေးဇူးတော်ရှင် စတုဘုမ္မိက နဂါးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက(မဟာသဒ္ဓမ္မဇောတိကဓဇ) မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (၄က်တွင်း) စတုဘုမ္မိက နိကာယဂိုဏ်းကြီး၏ "ဂဏနာယက ဥက္ကဋ္ဌ" ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌသာရအား မွေးနေ့ကုသိုလ်ရှင်ဆရာတော် ဘဒ္ဒန္တဓမ္မဓဇသာရနှင့် သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများက ရှိခိုးပူဇော်ကန်တော့ကြပြီး ဩဝါဒကထာနှင့် သီလခံယူဆောက်တည်၍ ရေစက်ချတရား နာယူကာ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်များအား ထမင်းကျွေးမွေးကုသိုလ်ပြုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၀၄၃)

# ပြင်ဦးလွင်မြို့နယ်၌ အမျိုးသမီးဖွံ့ဖြိုးရေးသင်တန်း ဖွင့်လှစ်ကျင်းပ



**ပြင်ဦးလွင် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဦးစီးဖွင့်လှစ်သော "အမျိုးသမီးဖွံ့ဖြိုးရေးသင်တန်း"ကို ယမန်နေ့ နံနက် ၉ နာရီခွဲက ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဟန်နီသင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းနည်းပြများအဖြစ် ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မိုးလှိုင်က ဌာနအကြောင်း မိတ်ဆက်စကားပြောကြားပြီး မှတ်ပုံတင်ဥပဒေအကြောင်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများမှတစ်ဆင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်စေနိုင်သည့်အကြောင်းအရင်းများကိုလည်းကောင်း၊ ပြင်ဦးလွင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆုဆုဇင်က "ရာသီဥတုပြောင်းလဲမှုနှင့် အမျိုးသမီးများကဏ္ဍ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ခိုင်ချစ်ချစ်စိုးက "အမျိုးသမီးများနှင့် အိမ်တွင်းလေထုညစ်ညမ်းမှု" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးကျော်ဇေယျာက "ပတ်ဝန်းကျင်ညစ်ညမ်းမှုအမျိုးအစားများနှင့် ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် အကြောင်းအရင်း"များကိုလည်းကောင်း အသီးသီး သင်ကြားပို့ချပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**သွေးသွေး(ခရိုင်-ပြန်/ဆက်)**

# သပိတ်ကျင်းမြို့နယ်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**သပိတ်ကျင်း ဖေဖော်ဝါရီ ၈**

သပိတ်ကျင်းမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ပြန်လည် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။



သပိတ်ကျင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် နယ်မြေခံတပ်ရင်းတို့ ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများက မြို့နယ်ပြည်သူ့ဆေးရုံအတွင်းနှင့် မျက်နှာစာရှိ အမှိုက်များ၊ ချုံနွယ်များ၊ ပေါင်းမြက်များနှင့် သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် စုစုပေါင်းအင်အား ၁၂၀ ဦးဖြင့် ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အတွင်း သန့်ရှင်းသာယာရေးနှင့် ပြန်လည်ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရန် မလေးရှားနိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံအကြား သဘောတူညီ



**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၈**

မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကုန်သွယ်ရေး၊ ဆက်သွယ်ချိတ်ဆက်မှု၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရန် ဖေဖော်ဝါရီ ၈ ရက်တွင် သဘောတူညီခဲ့ကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ယခုဆွေးနွေးမှုများသည် ပုံမှန်သံတမန်ရေးရာထက် နှစ်ဦးနှစ်ဖက် ယုံကြည်မှုနှင့် ရေရှည်တည်ရှိခဲ့သော ချစ်ကြည်ရင်းနှီးမှုအပေါ် အခြေခံထားခြင်းဖြစ်သည်ဟု ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီသည် ၂၀၂၆ ခုနှစ်၏ ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် မလေးရှားနိုင်ငံသို့ နှစ်ရက်ကြာ လာရောက်လည်ပတ်ခဲ့ခြင်းဖြစ်ပြီး ဒေလီအစိုးရအနေဖြင့် အရှေ့တောင်အာရှနှင့် ထိတွေ့ဆက်ဆံမှုများကို အားကောင်းစေရန် ကြိုးပမ်းနေချိန်တွင် ယခုကဲ့သို့ ဆွေးနွေးမှုများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ မရေရာမှုများ ဖြစ်ပေါ်နေချိန်တွင် မလေးရှားနိုင်ငံအနေဖြင့်လည်း မဟာဗျူဟာမြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့ရန် မျှော်လင့်လျက်ရှိသည်။

ဝန်ကြီးချုပ် မိုဒီအနေဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာတွင် ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ပျက်ကွက်ခဲ့သည်။

ပူထရာဂျာယားမြို့တွင် ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်ခဲ့သော ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ် အန်ဝါက နှစ်နိုင်ငံအကြား ယခင်အောင်မြင်မှုများကို ကျော်လွန်၍ ရှေ့သို့ ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်တွင် မှတ်တမ်းတင်ခဲ့သည့် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅၉ ဘီလီယံထက် ပိုမိုတိုးတက်လာမည့် ပူးပေါင်းဆောင်ရွက်မှုများကို မျှော်လင့်ထားကြောင်း သိရသည်။

Mon

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## အမေရိကန်ပြည်ထောင်စု အရှေ့ပိုင်းဒေသ အများအပြားတွင် ဆီးနှင်း ၁၀ လက်မခန့်အထိ ကျဆင်းပြီး လေပြင်းတိုက်ခတ်နိုင်



**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

အမေရိကန်ပြည်ထောင်စု အရှေ့ပိုင်းဒေသ အများအပြားတွင် ဆီးနှင်း ၁၀ လက်မခန့်အထိ ကျဆင်းပြီး တစ်နာရီလျှင် ၆၅ မိုင်နှုန်းရှိသော အန္တရာယ်ရှိသည့် လေပြင်းများ တိုက်ခတ်နိုင်သော ဆောင်းရာသီမုန်တိုင်းကို အမျိုးသားမိုးလေဝသဌာနက စောင့်ကြည့်လျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လျင်မြန်စွာ ရွေ့လျားနေသော မုန်တိုင်းငယ်ကြောင့် ဂရိတ်လိခ်ဒေသတွင် ဆီးနှင်း တစ်လက်မမှ သုံးလက်မအထိ ကျဆင်းနိုင်သော်လည်း အီရီအိုင်နှင့် အွန်တေးရီးယိုးအိုင်တို့၏ လေအောက်ဘက်ရှိ မြို့များတွင် ဒေသအလိုက် ဆီးနှင်းပိုမိုထူထပ်နိုင်ခြေရှိသည်။

မုန်တိုင်းမျက်နှာစာသည် အရှေ့ဘက်သို့ ရွေ့လျားလာသည်နှင့်အမျှ နယူးအင်္ဂလန် ကမ်းရိုးတန်းဒေသများတွင် ဆီးနှင်း လေးလက်မမှ ငါးလက်မအထိ ကျဆင်းနိုင်ပြီး လေပြင်းများ တိုက်ခတ်နိုင်ဖွယ်ရှိသည်။

အမျိုးသားမိုးလေဝသဌာန၏ နောက်ဆုံးထုတ်ပြန်ချက်တွင် ပြည်နယ်စုစုပေါင်း ၁၁ ခုအတွက် မိုးလေဝသသတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

Mon

## STOP AIDS



## လီယိုနာဒိုမုန်တိုင်းကြောင့် ဒေသခံများ နေရပ်စွန့်ခွာခဲ့ရပြီးနောက် ပေါ်တူဂီနှင့် စပိန်နှစ်နိုင်ငံတွင် ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပွားနိုင်

**မက်ဒရစ် ဖေဖော်ဝါရီ ၈**

လီယိုနာဒိုမုန်တိုင်း တိုက်ခတ်မှုကြောင့် ပေါ်တူဂီနှင့် စပိန်နိုင်ငံတို့တွင် လူနှစ်ဦးထက်မနည်း သေဆုံးပြီး ဒေသခံ ၁၁၀၀၀ ကျော် နေရပ်စွန့်ခွာခဲ့ရပြီးနောက် ရက်ပိုင်းအတွင်းမှာပင် စပိန်နှင့် ပေါ်တူဂီနိုင်ငံတို့သည် နောက်မုန်တိုင်းတစ်ခုကို ရင်ဆိုင်ရန် ပြင်ဆင်နေကြောင်း သိရသည်။

မာသာမုန်တိုင်း ချဉ်းကပ်လာနေသောကြောင့် ပေါ်တူဂီအာဏာပိုင်များသည် စနေနေ့တွင် ကယ်ဆယ်ရေးသမား ၂၆၅၀၀ ကျော်ကို ဖြန့်ကြက်ချထားပြီး ပြင်းထန်သော ရာသီဥတုအခြေအနေကြောင့် စည်ပင်သာယာနယ်မြေသုံးခုရှိ ဖေဖော်ဝါရီ ၈ ရက် သမ္မတရွေးကောက်ပွဲကို လာမည့်အပတ်သို့ ရွှေ့ဆိုင်းခဲ့သည်။

ယခင်က မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် လမ်းများရေမြုပ်ခြင်း၊ ရထားခရီးစဉ်များ ပြတ်တောက်ခြင်းနှင့် လူပေါင်းထောင်ချီ အိုးမဲ့အိမ်မဲ့ဖြစ်ခြင်းတို့ ကြုံတွေ့ခဲ့ရပြီးနောက် နှစ်နိုင်ငံစလုံးတွင် ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပွားနိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ထားသည်။

ပေါ်တူဂီ မိုးလေဝသခန့်မှန်းချက်များတွင်လည်း တစ်နိုင်ငံလုံး၌ မိုးသည်းထန်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် ပင်လယ်လှိုင်းကြီးခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးထားသည်။

စပိန်နိုင်ငံတွင်လည်း တောင်ဘက်ပိုင်း အန်ဒလူစီယာဒေသနှင့် မြောက်ဘက်ပိုင်းဒေသအများစုတွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ပြင်းထန်သော မုန်တိုင်းများ ဖြစ်ပေါ်နိုင်ခြင်းကြောင့် အမျိုးသားမိုးလေဝသဌာနက လိမ္မော်ရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။ Mon

## ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း သမိုင်းဝင်မြို့တော် လာဟိုး၌ ရောင်စုံစွန်လွှတ်ပွဲတော်များကို ပြန်လည်စတင် ကျင်းပ

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၈**

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ သမိုင်းဝင်မြို့တော် လာဟိုး၌ နွေဦးရာသီကို ကြိုဆိုသည့်အနေဖြင့် နှစ်ပေါင်းနှစ်ဆယ်နီးပါးကြာ ရပ်နားထားခဲ့သော ရောင်စုံစွန်လွှတ်ပွဲတော်များကို ယမန်နေ့က ပြန်လည်စတင်ကျင်းပခဲ့ကြောင်း သိရသည်။

လူဦးရေ ၁၃ သန်းကျော်ရှိသော အဆိုပါမြို့၌ ရိုးရာပွဲတော် ပြန်လည်အသက်ဝင်လာခြင်းကို ဂုဏ်ပြုရန်အတွက် ဒေသခံများသည် လမ်းမများနှင့် အိမ်ခေါင်မိုးများပေါ်သို့ စုပြုံထွက်လာကြပြီး ကောင်းကင်ယံ၌ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ စွန်များလွှတ်တင်ခြင်းနှင့် မြို့အနှံ့ တေးဂီတသံများဖြင့် စည်ကားလျက်ရှိသည်။

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၏ မြို့တော်ဖြစ်ပြီး စွန်လွှတ်ပွဲတော်ကြောင့် သမိုင်းတွင် ထင်ရှားသော လာဟိုးမြို့ရှိ နေရာအသီးသီးတွင် မိသားစုများ၊ လူငယ်မောင်မယ်များနှင့် သူငယ်ချင်းအဖွဲ့အစည်းများ အမြောက်အမြား စုဝေးခဲ့ကြသည်။

စွန်ချင်းခုတ်ရာတွင် သတ္တုနှင့် ဖန်သားများ သုတ်လိမ်းထားသော စွန်ကြိုးများကို အသုံးပြုမှုကြောင့် လူပေါင်းများစွာ သေဆုံးခြင်းနှင့် ဒဏ်ရာရရှိခြင်းတို့ ဖြစ်ပွားခဲ့ပြီးနောက် ထိုပြည်နယ်အတွင်း စွန်လွှတ်ခြင်းကို လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်က ပိတ်ပင်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon



## ဆီးနှင်းများ တပွဲပွဲကျဆင်းနေသည့်ကြားမှာပင် ဂျပန်ကြားဖြတ် အထွေထွေရွေးကောက်ပွဲ ကျင်းပ

**တိုကျို ဖေဖော်ဝါရီ ၈**

ဂျပန်နိုင်ငံတွင် ဝန်ကြီးချုပ် ဆနအဲတာကာအီချီသည် ၎င်း၏ အစိုးရသက်တမ်း အစောပိုင်းကာလ၌ပင် မဲဆန္ဒနယ်မြေအပြတ်အသတ် အောင်နိုင်မှုကိုရရှိရန် မျှော်လင့်လျက် ဆီးနှင်းများ တဖွဲဖွဲကျဆင်းနေသည့်ကြားမှာပင် ဖေဖော်ဝါရီ ၈ ရက်တွင် ကြားဖြတ် အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဆယ်စုနှစ်ပေါင်းများစွာနီးပါး မပြတ်အုပ်ချုပ်လာခဲ့သည့် တာကာအီချိ၏ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် အဖွဲ့ဝင် ၄၆၅ ဦး ပါဝင်သော အောက်လွှတ်တော်တွင် အများစုအဖြစ် အနိုင်ရရန် လိုအပ်သည့် အမတ်နေရာ ၂၃၃ နေရာထက် ပိုမို၍ လွယ်ကူစွာ အနိုင်ရရှိလိမ့်မည်ဟု လူထုဆန္ဒခံယူပွဲဆိုင်ရာ စစ်တမ်းများက ခန့်မှန်းထားသည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် တိုကျိုမြို့အပါအဝင် ဆောင်းရာသီ၌ ဆီးနှင်းကျခဲသည့်ဒေသများနှင့် နိုင်ငံအနှံ့အပြားတွင် ဆီးနှင်းများထူထပ်စွာ ကျဆင်းလျက်ရှိသည်။

နိုင်ငံရေးတွင် မိမိတို့ကိုယ်တိုင် စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် မဲပေးရန် လာရောက်ခြင်းသည် အရေးကြီးသည်ဟု ထင်မြင်မိကြောင်း တိုကျိုမြို့ရှိ မဲရုံတစ်ခုအနီးတွင် ကွန်ဒိုဟု အမည်ရသည့် အသက် ၅၀ အရွယ် အမျိုးသမီးတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀-၀






## 2026 Open Occitanie တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Adrian Mannarino တက်ရောက်



**ပါရီ ဖေဖော်ဝါရီ ၈**

ပြင်သစ်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Open Occitanie တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ပြင်သစ်တင်းနစ်ကစားသမား Adrian Mannarino တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ ပြင်သစ်တင်းနစ်ကစားသမား Adrian Mannarino သည် 2026 Open Occitanie တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Martin Damm အား ၁-၆၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

2026 Open Occitanie တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပြင်သစ်တင်းနစ် ကစားသမား Adrian Mannarino နှင့် ကနေဒါတင်းနစ်ကစားသမား Felix Auger-Aliassime တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

## ရိုဒရီဂို တံကောက်ကြောဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**မက်ဒရစ် ဖေဖော်ဝါရီ ၈**

ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား ရိုဒရီဂို တံကောက်ကြောဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တောင်ပံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းက ဗယ်လက်ကာနိုအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ရိုဒရီဂို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တောင်ပံကစားသမား ရိုဒရီဂိုသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၆ ပွဲကစားပြီး ၇၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အောက်ပုံ)(NGB)




## ကာတစ်ဂျုံးစ်အား ခေါ်ယူရန် နယူးကာဆယ်အသင်း စိတ်ဝင်စား

**လန်ဒန် ဖေဖော်ဝါရီ ၈**

နယူးကာဆယ်အသင်းသည် လီဗာပူးအသင်း ကွင်းလယ်ကစားသမား ကာတစ်ဂျုံးစ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံး



ရာသီအထိ ပြိုင်ပွဲစုံ ၂၀၉ပွဲကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကာတစ်ဂျုံးစ်ကိုယ်တိုင်ကလည်း လက်ရှိအချိန် လီဗာပူးအသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိသည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် လီဗာပူးအသင်းထံမှ ကာတစ်ဂျုံးစ်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)




## မူရီလိုကို ဘီဆစ်တပ်စ်အသင်း ခေါ်ယူ

**လန်ဒန် ဖေဖော်ဝါရီ ၈**

ဘီဆစ်တပ်စ်အသင်းသည် မာဆေးလ်အသင်း နောက်ခံကစားသမား မူရီလိုကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘီဆစ်တပ်စ်အသင်းနှင့်အတူ ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား မူရီလိုသည် မာဆေးလ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၂ ပွဲ ကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘီဆစ်တပ်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘီဆစ်တပ်စ်အသင်းသည် ဆောင်းရာသီဈေးကွက်အတွင်းတွင် ကစားသမား ရှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားသည်။

(အပေါ်ပုံ)(NGB)

## ကူအာဒီယို ဖီအိုရင်တီးနားအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မီလန် ဖေဖော်ဝါရီ ၈**

ဖီအိုရင်တီးနားအသင်းသည် အသင်းနောက်ခံကစားသမား ကူအာဒီယိုကို ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ



နောက်ခံကစားသမားသည် ဖီအိုရင်တီးနားအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပြထားသလို၊ အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ကူအာဒီယိုက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခွင့်ရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်တွေ ရရှိဖို့လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(ဝဲပုံ)

(NGB)

## ချိန်ဘာလိန် ဆဲလ်တစ်အသင်းတွင် ကျောနံပါတ် (၂၁)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဖေဖော်ဝါရီ ၈**

ဝါရင့် ကွင်းလယ်ကစားသမား ချိန်ဘာလိန် ဆဲလ်တစ်အသင်းတွင် ကျောနံပါတ် (၂၁) ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။




အဆိုပါ ကွင်းလယ်ကစားသမားသည် ဆဲလ်တစ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ချိန်ဘာလိန်သည် ကစားသမားဘဝတစ်လျှောက်တွင် လီဗာပူး၊ ဆောက်သမ်တန်၊ အာဆင်နယ်၊ ဘီဆစ်တပ်စ်စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဆဲလ်တစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ချိန်ဘာလိန်က "ကျွန်တော် ဆဲလ်တစ်အသင်းမှာ ကျောနံပါတ် (၂၁)ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအတွက် တတ်စွမ်းသမျှ အစွမ်းကုန် ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (ဝဲပုံ)

(NGB)

## အသင်းလက်မဲ့ဖြစ်နေသော ဒယ်လီအလီကို ခေါ်ယူရန် ဆီဗီလာအသင်းစီစဉ်

**မက်ဒရစ် ဖေဖော်ဝါရီ ၈**

ဆီဗီလာအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ကွင်းလယ်ကစားသမား ဒယ်လီအလီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် စပါး၊ အဲဗာတန်၊ ဘီဆစ်တပ်စ်၊ ကိုမိုစသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဆီဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဒယ်လီအလီကလည်း ဆီဗီလာအသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ဒယ်လီအလီကို ဆီဗီလာအသင်း ကစားသမားသစ်




အဖြစ်မြင်တွေ့ရမည်လား ဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ)

(NGB)

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၂-၂၀၂၆<br>နံနက်၀၂:၃၀နာရီ | (၄)ဗီလာရီးရဲလ်-အက်စ်ပန်ညို(၆)<br>(L,L,L,L,D) (L,D,L,L,L) | ဗီလာရီးရဲလ် ၁-၀ အက်စ်ပန်ညို<br>အက်စ်ပန်ညို ၁-၂ ဗီလာရီးရဲလ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၂-၂၀၂၆<br>နံနက်၀၀:၀၀နာရီ | (၇)အတ္တလန္တာ-ခရီမိုနီဆီ(၁၄)<br>(L,W,L,D,W) (D,L,D,L,L) | အတ္တလန္တာ ၁-၁ ခရီမိုနီဆီ<br>ခရီမိုနီဆီ ၁-၃ အတ္တလန္တာ |
| ၁၀-၂-၂၀၂၆<br>နံနက်၀၂:၁၅နာရီ | (၅)ရိုးမား - ကာကဂလီယာရီ(၁၂)<br>(W,W,D,D,L) (D,L,W,W,W) | ရိုးမား ၁-၀ ကာကဂလီယာရီ<br>ကာကဂလီယာရီ ၀-၀ ရိုးမား |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၁) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၂-၂၀၂၆<br>နံနက်၀၂:၃၀နာရီ | (၁၅)ရှက်ဖီးလ်(Utd)-မစ်ဒယ်ဘာရော့(၂)<br>(L,L,W,D,W) (L,W,W,W,W) | ရှက်ဖီးလ်(Utd) ၃-၁ မစ်ဒယ်ဘာရော့<br>မစ်ဒယ်ဘာရော့ ၁-၀ ရှက်ဖီးလ်(Utd) |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၉-၂-၂၀၂၆<br>တနင်္လာနေ့ | ညနေ၃:၃၀နာရီ | (၁၂)ရာမည - ဟံသာဝတီ(၄)<br>(W,L,D,L,L) (W,L,L,W,D) | ———— |
| ၉-၂-၂၀၂၆<br>တနင်္လာနေ့ | ညနေ၄:၀၀နာရီ | (၃)ဒဂုံ - ISPE(၆)<br>(L,W,L,W,D) (W,D,L,L,D) | ဒဂုံ ၂-၁ ISPE<br>ISPE ၂-၁ ဒဂုံ |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၇)၊ ဦးပိုင်နံပါတ်(၂၅၇-ခ) ဟု ခေါ်တွင်သော မြေဧရိယာ(၀ · ၀၁၅၅)ဧက၊ အကျယ်အဝန်းရှိ ဦးခင်မောင်ကို အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန္ဒာဝင်း(ဘ)ဦးမြင့်ဇော်(၉/ခမစ(နိုင်)၀၀၃၈၈၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B,LL.M,DBL)  ဒေါ်မာမာဌေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ  တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၃)၊ ဦးပိုင်နံပါတ်(၆၉-ခ) ဟု ခေါ်တွင်သော မြေဧရိယာ(၀ · ၀၁၃၇)ဧက၊ အကျယ်အဝန်းရှိ ဦးသန်းမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဇော်မင်းထွန်း(ဘ)ဦးမောင်ကို(၁၃/ကခန(နိုင်)၀၆၀၆၀၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးစုထွန်း (LL.B,LL.M,DBL)  ဒေါ်မာမာဌေး (LL.B)**

**တရားလွှတ်တော်ရှေ့နေ  တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၉)၊ ဦးပိုင်အမှတ်(၅၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ရွှေအိ(ဘ)ဦးထိုက်(၉/မနတ(နိုင်)၀၃၈၀၂၈)ကိုင်ဆောင်သူအမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (မြောက်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့အနောက် ပေ(၄၀)၊ တောင်မြောက် (၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်သန်း(ဘ)ဦးအောင်သင်း(PKU-၂၁၀၃၀၇)၊ (၈/ပခက(နိုင်)၀၄၅၅၂၀) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်နိုင်စိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**

**(အထက်တန်းရှေ့နေများ)**

**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁၊**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၃၁)၊ ဦးပိုင်အမှတ်(၂၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးကျော်လင်းထင်(ဘ)ဦးရွှေလှ(၉/ညဥန(နိုင်)၁၁၆၁၂၉)ကိုင်ဆောင်သူအမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏ (မြောက်ဘက်ခြမ်း)၊ အရှေ့အနောက် ပေ(၄၀)၊ တောင်မြောက် ပေ(၃၀) အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးထက်နိုင်ထွန်း(ဘ)ဦးခင်ညို(၅/ရဘန(နိုင်)၁၅၄၂၂၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်နိုင်စိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**

**(အထက်တန်းရှေ့နေများ)**

**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အကွက်အမှတ်(ဗ-၅)၊ ဦးပိုင်အမှတ်(၄၄-ဂ)၊ (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၅)၊ ဦးပိုင်အမှတ်(၄၄-ဂ)၊ (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဦးသိန်းစိုး အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ခင်နှင်းဦး(ဘ)ဦးကျော်ညွန့်(၉/မရမ(နိုင်)၀၃၇၉၀၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ (LL.B), ဒေါ်ယဉ်ယဉ်ဌေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်းနှင့်၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၁)၊ ဦးပိုင်အမှတ်(၇၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ခင်မြင့် အမည်ပေါက် တောဂရန်အမှုတွဲအမှတ်(၁၀၀၃/၉၂-၉၃)အရ (၂၂-၉-၁၉၉၂)မှ (၂၁-၉-၂၀၂၂)ရက်အထိ နှစ်(၃၀)ရရှိထားသော (ဂရန်)မြေကွက်ဖြစ်ပါသည်။

အထက်ပါမြေကွက်ကို မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မြင့်ထံမှ ဦးသောင်းလှိုင်က အထွေထွေကိုယ်စားလှယ်လွှဲစာအဆက်ဆက်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။ မြေကွက်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဦးသောင်းလှိုင်ကိုယ်တိုင်သိမ်းဆည်းထားပြီး ၎င်းစာရွက်စာတမ်းများထဲမှ ဒေါ်ခင်မြင့် အမည်ပါ ငွေသွင်းပြေစာမူရင်း(၂)စောင်မှာ အသိမ်းဆည်းလွှန်၍ ပျောက်ဆုံးနေပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်ကို အရောင်းအဝယ်ကိစ္စများ ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာရခြင်း ဖြစ်ပါသည်။

**ဦးသောင်းလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S/3)၊ ဦးပိုင်အမှတ်(၃၃-ခ)၊ ဧရိယာ(ပေ၄၀×၂၃ပေ)ဧက အကျယ်အဝန်းရှိသော မြေကွက်ကြီးအတွင်းမှ ရောင်းချသူပိုင်ဆိုင်သော မြောက်ဘက်ခြမ်းဧရိယာရှိ အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက်(၁၀ပေ၆လက်မ) အကျယ်အဝန်းရှိသော မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်စန်းရင်(ဘ)ဦးတင်အောင်(၉/မတန(နိုင်)၀၇၆၁၇၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၃)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိသော မြေကွက်၏ အရှေ့ဘက်ခြမ်း ဧရိယာပေ(၂၀×၆၀)အကျယ်အဝန်းရှိသော မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ အဝီစိတွင်း၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့်အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စန်းစန်းဦး(ဘ)ဦးကျော်မြင့်(၉/မရတ(နိုင်)၀၆၈၄၆၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၀)၊ ဦးပိုင်အမှတ်(၁၄)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးတင်ရွှေ (ဘ)ဦးပေါ်အေး အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ (မြောက်ဘက်အစွန်ဆုံးအခြမ်း)၊ အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက် (၁၅)ပေအကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်သွယ်သွယ်ဝင်း (ဘ)ဦးတင်ထွန်း(၉/မခန(နိုင်)၁၆၀၃၄၉) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးသက်နိုင်စိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**

**(အထက်တန်းရှေ့နေများ)**

**(နန-၁၃/၄)၊ လမ်း ၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၈၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ကျေးရွာ၊ ကွင်းအမှတ်(၅၀၃-က)၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၂ ဒသမ ၀၀)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟုများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဦးပေါက်စိန် (ဘ)ဦးသာနု(၉/သပက(နိုင်)၀၈၂၇၁၅)နှင့် ၂။ ဒေါ်လုံး (ဘ)ဦးဘဂျမ်း(၉/ပသက(နိုင်)၀၈၂၇၁၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁–အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၃)၊ ဦးပိုင်အမှတ်(၈၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်စိုးစိုးညွန့် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်-၈၂၇၃/၂၀၂၃ လက်ခံဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဦးညွန့်လှိုင် (အဘ) ဦးသာဌေး(၅/ခဥန(နိုင်)၀၅၂၃၁၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်အေးအေးနိုင်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဆ–၇/၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**

**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၄)၊ ဦးပိုင်အမှတ်(၁၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးသိန်းဖံ အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဥမ္မာလွင် (အဘ)ဦးအောင်မြင့်(၉/သစန(နိုင်)၀၀၀၀၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်အေးအေးနိုင်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဆ–၇/၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**

**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၄၃၁၁၀၇၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၇)၊ ဦးပိုင်နံပါတ်(၁၀၄+၁၀၅)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅+၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းစီရှိ မြေကွက်များမှာ ဦးချစ်ငွေ (ဘ)ဦးဝန်ကြီး(၉/မနတ(နိုင်)၀၂၃၇၂၈)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အနောက်ဘက်အစွန်ဆုံးအခြမ်း (၁၀ပေ×ပေ၄၀) အကျယ်အဝန်းရှိနှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ် အိမ်(ရေ+မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်အေးမြနိုင် (ဘ)ဦးခင်ဆောင်(၅/အရတ(နိုင်)၁၁၂၅၁၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေဇော်ဦး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**(ဖဖ-၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၃၁၈၅၉၁၀**

## အကွက်အမှတ်(ဘဘ–၁၀)၊ ဦးပိုင်အမှတ်(၆၄) မြေကွက်ထဲမှ အရှေ့ဘက်ခြမ်း ပေ(၂၀ × ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၀)၊ ဦးပိုင်အမှတ်(၆၄)၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမောင်မောင်စိုး အမည်ပေါက် (ဂရန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးမျိုးမင်း (ဘ)ဦးညွန့်လွင်(၉/မရမ(နိုင်)၀၀၀၂၆၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ(LL.B)၊ ဒေါ်ယဉ်ယဉ်ငွေ(LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၄)၊ ဦးပိုင်နံပါတ်(၃၂)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကိုလွင် (ဘ)ဦးကံထွန်း(၈/ရစက(နိုင်)၀၇၁၂၄၉)အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိနှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ် အိမ်(ရေ+မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်နွေးမွန်ထွန်း (ဘ)ဦးသိန်းထွန်း(၉/ခအစ(နိုင်)၀၀၉၂၀၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေဇော်ဦး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**(ဖဖ-၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၄၃၁၈၅၉၁၀**

## အကွက်အမှတ်(ဗ–၂၈)၊ ဦးပိုင်အမှတ်(၁၅) မြေကွက်ထဲမှ အရှေ့ဘက်အစွန်ဆုံးစိပ် (၁၀ပေ × ပေ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၈)၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်သန်းသန်းအေး အမည်ပေါက် (ဂရန်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ထဲမှ အရှေ့ဘက်အစွန်ဆုံးစိပ် (၁၀ပေ×ပေ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးအောင်သန်း (ဘ)ဦးစုပရာမန်နီမိလေး(၉/မရတ(နိုင်)၀၆၃၁၃၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ယဉ်ယဉ်မေ(LL.B)၊ ဒေါ်ယဉ်ယဉ်ငွေ(LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

❖ တက္ကသိုလ်ဆိုသည်မှာ အရည်အသွေးပြည့်ဝသည့် လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ဘူမိနက်သန်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်သည့် နည်းပညာအခြေပြု သုတေသနများအစပြု ဖော်ဆောင်ရာ နေရာလည်းဖြစ်…

❖ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် အရည်အသွေးပြည့်ဝသည့် အရင်းအမြစ်များမွေးထုတ်ရာ တက္ကသိုလ်များနှင့် ကောလိပ်များ၊ သိပ္ပံများသည် အရေးပါသည့်အခန်းကဏ္ဍတွင်ပါဝင်နေ…

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဗန်းမောက်မြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းပိုက်ထိန်းချုပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့အား ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အင်အားအလုံးအရင်းဖြင့် မြို့လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ လူသတ်စုဆောင်းခြင်းများအပါအဝင် အကြမ်းဖက်လုပ်ရပ်မျိုးစုံကို လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက်ရရှိရေး နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများကို ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဗန်းမောက်မြို့အတွင်းရှိ ပြည်သူပိုင်နေအိမ်အဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် အဆိုပါသတင်းအား ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အကြမ်းဖက်သမားများအနေဖြင့် ဗန်းမောက်မြို့နှင့် ယင်းဒေသတစ်ဝိုက်အား ယာယီသိမ်းပိုက်ထိန်းချုပ်ထားစဉ် ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း၊ အစိုးရအုပ်ချုပ်မှု ယန္တရားပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်းများကြောင့် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့်

စာမျက်နှာ ၁၀ သို့ ○






လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ ပြည်သူ့ဆေးရုံ၊ မြို့တော်ခန်းမ၊ မြို့နယ်စာရင်းစစ်ရုံး၊ လဝကရုံးတို့အား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

## ပရီးမီးယားလိဂ် ပွဲစဉ်(၂၅)တွင် ခရစ္စတယ်ပဲလေ့စ်နှင့် မန်စီးတီးတို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် ဖေဖော်ဝါရီ ၈**

ပရီးမီးယားလိဂ် ပွဲစဉ်(၂၅)တွင် ခရစ္စတယ်ပဲလေ့စ်နှင့် မန်စီးတီးတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရရှိနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၈နာရီခွဲက ဘရိုက်တန်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခရစ္စတယ်ပဲလေ့စ်အသင်းက ဘရိုက်တန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၆၁မိနစ်တွင် ဆားလ်က သွင်းယူပေးခဲ့သည်။



ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၁၁နာရီက မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန်စီးတီးအသင်းက လီဗာပူးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၈၄မိနစ်တွင် ဘာနာဒိုဆေးလ်ဗား၊ ပွဲချိန် (၉၀+၃)မိနစ်တွင် ဟာလန်းတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပရီးမီးယားလိဂ် ပွဲစဉ်(၂၅) ယှဉ်ပြိုင်ကစားအပြီးတွင် မန်စီးတီးအသင်းက ရမှတ် ၅၀မှတ်ဖြင့် အဆင့် (၂)နေရာ၊ ခရစ္စတယ်ပဲလေ့စ်အသင်းက ရမှတ် ၃၂မှတ်ဖြင့် အဆင့် (၁၃)နေရာတို့တွင် အသီးသီး ရပ်တည်လျက်ရှိသည်။

**နိုင်ကမ္ဘာ**

၀-၀-၀-၀

၀-၀-၀-၀-၀

## စပိန်လာလီဂါ ပွဲစဉ်(၂၃)တွင် ဂီတာဖေး၊ ဘီလ်ဘာအို၊ ဘက်တစ်အသင်းတို့ နိုင်ပွဲကိုယ်စီရယူနိုင်ခဲ့

**လန်ဒန် ဖေဖော်ဝါရီ ၈**

စပိန်လာလီဂါ ပွဲစဉ်(၂၃)တွင် ဂီတာဖေး၊ ဘီလ်ဘာအို၊ ဘက်တစ်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့ကြသည်။

ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီခွဲက အလာဗက်စ်အသင်းနှင့် ဂီတာဖေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂီတာဖေးအသင်းက အလာဗက်စ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ယနေ့ မြန်မာစံတော်ချိန် ည ၉နာရီ ၄၅မိနစ်က ဘီလ်ဘာအိုအသင်းနှင့် လီဗန်တေးအသင်းတို့ ပွဲစဉ်တွင်လည်း ဘီလ်ဘာအိုအသင်းက လီဗန်တေးအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘက်တစ်အသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ပွဲစဉ်တွင်လည်း ဘက်တစ်အသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူခဲ့သည်။

ဘက်တစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၂၈မိနစ်တွင် အန်တိုနီက သွင်းယူပေးခဲ့သည်။



စပိန်လာလီဂါ ပွဲစဉ်(၂၃) ယှဉ်ပြိုင်ကစားအပြီးတွင် ဘက်တစ်အသင်းက ရမှတ် ၃၈ မှတ်ဖြင့် အဆင့် (၅)နေရာ၊ ဘီလ်ဘာအိုအသင်းက ရမှတ် ၂၈ မှတ်ဖြင့် အဆင့်(၁၀)နေရာ၊ ဂီတာဖေးအသင်းက ရမှတ် ၂၆ မှတ်ဖြင့် အဆင့်(၁၁)နေရာတို့တွင် ရပ်တည်လျက်ရှိသည်။ **(NGB)**